# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

**လောကဝဂ်(ဓမ္မပဒ-၁၇၂)**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းအတွင်းရှိ အားကစားရုံများ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများအား သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့ညနေပိုင်းတွင် ၂၀၁၃ ခုနှစ်တွင် တည်ဆောက်ပြီးစီး ဖွင့်လှစ်ခဲ့သည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း (Wunna Theikdi Sports Complex) အတွင်းရှိ အားကစားရုံ အဆောက်အအုံများ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်းနှင့် ပြေးလမ်းထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြို့ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ လိုအပ်သလောက် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇

အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀

အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀




ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သလောက် ကူညီဆောင်ရွက်ပေးနေပါသည်။

ကြေးမုံ

# ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ မပျောက်မပျက် ထိန်းသိမ်းဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များလိုက်ပါလျက် မတ် ၂၈ ရက်က အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးပြိုကျခဲ့သော မန္တလေးမြို့ မဟာမုနိပိဋကတ်တိုက်တော်ကြီးအတွင်းရှိ ရှေးဟောင်းပိဋကတ်တော်များ ထိန်းသိမ်းထားရှိမှုများ၊ ကြေးရုပ်ပြတိုက်အတွင်းရှိ ရှေးဟောင်းကြေးရုပ်ကြီးများ ထိန်းသိမ်းထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်မှုဖြစ်ပေါ်ခဲ့ရသည်များကို အမြန်ဆုံးပြန်လည်မွမ်းမံခြင်းနှင့် ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန် ဧပြီ ၆ ရက်က တာဝန်ရှိသူများအား မှာကြားခဲ့သည်။

မတ် ၂၈ ရက်က အလွန်ပြင်းထန်သော ငလျင်လှုပ်ခတ်မှုကြောင့် မဟာမြတ်မုနိဘုရားကြီး၏ မြေခခဲ့ရသည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့၌ စေတနာရှင်အများပြည်သူလှူဒါန်းထားရှိသည့် ရတနာရွှေငွေ ကျောက်သံပတ္တမြားနှင့် စိန်ဖူးတော်များ၊ ရှေးဟောင်းလက်ရာ နံရံဆေးရေးပန်းချီများ ပြိုကျပျက်စီးခဲ့ရသည်။ ထို့အပြင် ရှေးဟောင်းသာသနိကအဆောက်အအုံများ၊ စေတီပုထိုး ဆင်းတုတော်များ ထိခိုက်ပျက်စီးခဲ့ရသည့်အပြင် ရတနာပုံမန္တလေးနန်းတော် မြို့ရိုးမုခ်ဦးအချို့ပါ ပြိုကျပျက်စီးခဲ့ရသည်။ အင်းဝရှေးဟောင်းနယ်မြေတွင် သမိုင်းဝင် မဟာမုနိဘုရား၊ လေးထပ်ကြီးကျောင်း၊ ပြတိုက်၊ ဗားဂရာကျောင်းတော်ကြီး၊ နန်းမြင့်မျှော်စင်၊ မယ်နုအုတ်ကျောင်း၊ အိုးထုတ္တန်ဆိပ်ကမ်းနှင့် မြို့ရိုးနေရာများ ပျက်စီးခဲ့သည်။ အခြားနေရာဒေသများတွင်လည်း ရှေးဟောင်းစေတီပုထိုးများနှင့် အဆောက်အအုံများစွာ ပျက်စီးသွားခဲ့သည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုထွန်းကားသောနိုင်ငံဖြစ်သည်။ ရှည်လျားသည့် သမိုင်းကြောင်းတစ်လျှောက်တွင် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပေါများစုံလင်လှသည်။ မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနည်းတူ အစဉ်တစိုက် ထိန်းသိမ်းလာခဲ့ရာတွင် သိပ္ပံနည်းကျ ရှေးဟောင်းသုတေသနပညာရပ်များထွန်းကားလာသည့် ယနေ့ကာလတွင် မြေပေါ်မြေအောက် ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လာနိုင်ခဲ့သည်။ သို့သော် မမျှော်မှန်းနိုင်သော အဖျက်စွမ်းအားကြီးမားသည့် ငလျင်ကြီးဖြစ်ပေါ်လာသောအခါ မြန်မာနိုင်ငံရှိတန်ဖိုးကြီးမားသော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အများစုမှာ ထိခိုက်ပျက်စီးခဲ့ရသဖြင့် ရှေးမူလက်ရာမပျက် ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများတွင် ဒြပ်ရှိ/ဒြပ်မဲ့နှစ်မျိုးရှိရာ ဒြပ်ရှိယဉ်ကျေးမှုပစ္စည်းများဖြစ်သည့် အုတ်ကျိုးအုတ်ပဲ့၊ အိုးခြမ်းကွဲမှအစ မူလပုံစံမပျက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပျူခေတ်ကာလမှစ၍ မြန်မာနိုင်ငံဒေသအသီးသီးတွင် မြို့ပြအဆောက်အအုံများကို အဆင့်မြင့်မားစွာ တည်ဆောက်ထားခဲ့သည်။ အထူးသဖြင့် ဘာသာတရားကိုအခြေခံသည့် ဘာသာရေးယဉ်ကျေးမှုအဆောက်အအုံများ တည်ရှိဖြစ်ထွန်းခဲ့သည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများသည် ရာသီဥတုဒဏ်ကြောင့်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း ထိခိုက်ပျက်စီးမှုများရှိနိုင်ရာ ယင်းတို့ကို ကြိုတင်တွက်ဆ၍ နှစ်စဉ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

အနော်ရထာမင်းတရားကြီး တည်ဆောက်ခဲ့သည့် ပထမမြန်မာနိုင်ငံတော်၊ ဘုရင့်နောင်မင်းတရားကြီး တည်ဆောက်ခဲ့သည့် ဒုတိယမြန်မာနိုင်ငံတော်၊ အလောင်းမင်းတရား ဦးအောင်ဇေယျ တည်ဆောက်ခဲ့သည့် တတိယမြန်မာနိုင်ငံတော် စသည့် ရှေးမြန်မာမင်းဆက်များ တည်ဆောက်ခဲ့သည့် သမိုင်းဝင်ရှေးဟောင်းအမွေအနှစ်များသည် ယနေ့ထက်တိုင် မပျောက်မပျက်ကျန်ရှိနေဆဲဖြစ်သလို အချို့မှာလည်း ဘေးအန္တရာယ်အမျိုးမျိုးတို့ကြောင့် ပျက်စီးယိုယွင်းပျောက်ပျက်မှုများလည်း ရှိခဲ့သည်။ ကုန်းဘောင်ခေတ် မင်းတုန်းမင်းတရားကြီး တည်ဆောက်ခဲ့သည့် မြနန်းစံကျော် ရွှေနန်းတော်ကြီးမှာ နောက်ဆုံးကျန်ရစ်သည့် သမိုင်းအမွေအနှစ်ဖြစ်သည်။

ယခုအခါ မြန်မာတို့၏ ရှေးဟောင်းအမွေအနှစ်များကို မြတ်နိုးတန်ဖိုးထားထိန်းသိမ်းနိုင်မှုကြောင့် ယူနက်စကိုကပင် ကမ္ဘာ့အမွေအနှစ်ယဉ်ကျေးမှုစာရင်းဝင်အဖြစ် ဂုဏ်ယူဝင့်ကြွား ရရှိပိုင်ဆိုင်ခဲ့ပြီဖြစ်သည်။ မျက်မှောက်ကာလ ကမ္ဘာ့အကြီးဆုံးကျောက်ဆစ်ဆင်းတုတော်မြတ်ကြီးဖြစ်သည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးသည်ပင် နောင်ကာလများတွင် ကမ္ဘာ့ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်အဖြစ်သို့ ရောက်ရှိလာမည်ဖြစ်သည်။ အဆိုပါယဉ်ကျေးမှုအမွေအနှစ်များအားလုံးသည် မြန်မာတို့၏ တန်ဖိုးထားမြတ်နိုးဖွယ်ရာ တန်ဖိုးမဖြတ်နိုင်သော ဂုဏ်အင်္ဂါများဖြစ်သည်။ ရှေးဟောင်းအဆောက်အအုံဆိုသည်မှာ မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ နှစ် ၁၀၀ သက်တမ်းအထက်ရှိသည့် အဆောက်အအုံများဟု ဆိုထားရာ လက်ရှိဖြစ်ထွန်းနေသော အဆောက်အအုံများကို နောက်ထပ်သက်တမ်း ၁၀၀ မကရှည်ကြာအောင် ထိန်းသိမ်းစောင့်ရှောက်ထားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များပေါများသည့် မြန်မာနိုင်ငံတွင် မည်သည့်ဘေးအန္တရာယ်မျိုးကိုမဆို ကြိုတင်သတိပြုပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မပျက်စီးအောင်၊ ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ မူလအခြေအနေမပျက် ပြန်လည်ထိန်းသိမ်းနိုင်အောင် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း။ ။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် အသိပေးထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၇ ရက်

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သော မန္တလေးမြေငလျင်ကြီးဒဏ်ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် အဆောက်အအုံတွင် ပျက်စီးမှုများဖြစ်ပေါ်ခဲ့၍ ပြန်လည်ပြင်ဆင်ရန်လိုအပ်ပါသဖြင့် ၂၉-၃-၂၀၂၅ ရက်နေ့၊ ၃၁-၃-၂၀၂၅ ရက်နေ့နှင့် ၁-၄-၂၀၂၅ ရက်နေ့တို့တွင် ကြားနာရန် ကြိုတင်သတိပေး အမှုခေါ်စာရင်းထုတ်ပြန်ထားသည့် ရာဇဝတ်ဆိုင်ရာနှင့် တရားမ ဆိုင်ရာအမှုများကို ၂၃-၄-၂၀၂၅ ရက်နေ့၊ ၂၄-၄-၂၀၂၅ ရက်နေ့၊ ၂၅-၄-၂၀၂၅ ရက်နေ့တို့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး (၀၆၇-၄၅၁၀၂၄၂)တွင် ပြန်လည်ကြားနာ သွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းမည့်အမှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုလက်ခံကောင်တာတွင် ယခင်အတိုင်း လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး ကြိုတင်သတိပေးအမှုခေါ်စာရင်းနှင့် ရုံးခန်းတွင်းဆောင်ရွက်ချက်၊ ရုံးထိုင်ဆောင်ရွက်ချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၏ ကြော်ငြာသင်ပုန်းများတွင် ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဧပြီ ၇**

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီ တည်ထောင်လိုသော **ရခိုင်တိုင်းရင်းသားများပါတီ (RAKHINE NATIONALITIES PARTY)** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီ တည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့ပါသည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ လျှောက်ထားသောပါတီ ၂၁ ပါတီရှိပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ ၅၀ ပါတီ စုစုပေါင်း ၇၁ ပါတီ ရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့် အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ၇ - ၄ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၆၁၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၇ - ၄ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၁၀၀ | ၇,၀၀၀ | ၅၃၃ | ၃,၇၅၈,၇၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၀၀ | ၂,၃၄၃ | ၆,၉၁၅,၂၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၄ | ၇,၂၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၀ | ၀ |
| EFR | ၁,၅၅၀ | ၁,၅၅၀ | ၃၁၃ | ၄၇၀,၆၅၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၀ | ၀ |
| MAEX | ၃,၁၅၀ | ၃,၁၅၀ | ၁,၈၁၆ | ၅,၇၂၀,၄၀၀ |
| MADPL(PLB) | ၃,၃၅၀ | ၃,၃၅၀ | ၄ | ၁၃,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A) အဆောက်အအုံထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B) အဆောက်အအုံ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

☆ ရှေ့ဖုံးမှ


ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည့် ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်းသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် ဘောလုံးကွင်းနှင့် ပြေးလမ်းထိခိုက်ပျက်စီးခဲ့ရမှုများ၊ ပွဲကြည့်စင်နှင့်ဝင်ပေါက်များ ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးရာ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများ ဖြစ်ပေါ်ခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းအတွင်းရှိ အားကစားရုံများနှင့် အားကစားကွင်းများအား ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့များမှ နည်းပညာရှင်များဖြင့် စနစ်တကျ စစ်ဆေး၍ ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ အားကစားပွဲများကျင်းပချိန်တွင် အားကစားသမားများနှင့် ပရိသတ်များ အများအပြား လာရောက်ကြမည် ဖြစ်သဖြင့် ကြံ့ခိုင်မှုကို အလေးပေး ဆောင်ရွက်သွားရန် လိုကြောင်း၊ မီတာ ၄၀၀ ပြေးလမ်းနှင့်ပွဲကြည့်စင်များရှိထိုင်ခုံများကို စနစ်တကျ ပြန်လည်ပြုပြင် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။ စာမျက်နှာ ၄ သို့ ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ဝဏ္ဏသိဒ္ဓိရေကူးကန်အဆောက်အအုံ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းပွဲကြည့်စင်နှင့် ဝင်ပေါက်များ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

✰ စာမျက်နှာ ၃ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၁၃ ခုနှစ် မေ ၃၁ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)နှင့်(B) အဆောက်အအုံနှင့် ၂၀၁၃ ခုနှစ် မေ ၃၀ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည့် ဝဏ္ဏသိဒ္ဓိရေကူးကန်တို့သို့သွားရောက်၍ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ထိခိုက်ပျက်စီးခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

**မှာကြား**

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုအားကစားရုံများအနေဖြင့် ထိခိုက်ပျက်စီးမှု အနည်းငယ်သာ ဖြစ်ပေါ်ခဲ့သော်လည်း Indoor Games များ ကျင်းပရာနေရာများ ဖြစ်သဖြင့် နည်းပညာရှင်များဖြင့် စနစ်တကျစစ်ဆေး၍ ကြံ့ခိုင်မှု အခြေအနေကို သိရှိနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင် အဆောက်အအုံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုကို ဦးစားပေး၍ စနစ်တကျ ပြန်လည်ပြုပြင် ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ ကျောဖုံးမှ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သမိုင်းဝင် နန်းတော်ဦး လောကမာရဇိန်စေတီတော်ကြီးသို့ရောက်ရှိကြပြီး စေတီတော်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော် အပါအဝင် ပြိုကျပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက စေတီတော်ကြီး၏ ပြိုကျပျက်စီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်က စေတီတော်ကြီးသည် သမိုင်းဝင် စေတီတော်ဖြစ်သည့်အတွက် ရှေးမူမပျက် မူလလက်ရာများအတိုင်း စနစ်တကျ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အပိုင်းအလိုက် ဆောင်ရွက်ရန်မှာကြားသည်။




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တောင်ငူဗဟိုအကျဉ်းထောင် တည်ဆောက်နေသည့်လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါ နန်းတော်ဦး လောကမာရဇိန်စေတီတော်ကြီးကိုကောဇာသက္ကရာဇ် ၁၁၆၁ ခုနှစ်တွင်ဗဒုံမင်းတရားကြီး ဘိုးတော်ဦးဝိုင်းက တည်ထားပူဇော်ခဲ့ပြီး "နန်းတော်ဦး ရန်အောင်နိုင်"ဘွဲ့ သမုတ်တော်မူခဲ့သည့် ကောဇာသက္ကရာဇ် ၁၂၈၀ ပြည့်နှစ်တွင် ဆရာတော် ဦးသြဘာသနှင့် ဦးအာစရတို့က နန်းတော်ဦးစေတီတော်ကိုငုံ၍ ဖိနပ်တော်၅၄ တောင်၊ ညဏ်တော် ၇၂ တောင်၊ ထီးတော်အမြင့် ၁၈ တောင်ကို တည်တော်မူခဲ့ပြီး ကောဇာသက္ကရာဇ် ၁၂၉၀ ပြည့်နှစ်တွင် တည်ဆောက်ပြုပြင်မှု ပြီးဆုံး၍ ထီးတော်အသစ်တင်လှူပြီး "နန်းတော်ဦး လောကမာရဇိန်" ဘွဲ့တော်သမုတ်၍ တည်ထားပူဇော်ထားခြင်းဖြစ်ကြောင်း သိရသည်။




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တောင်ငူနည်းပညာတက္ကသိုလ်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့နယ်အတွင်း တည်ဆောက်လျက်ရှိသည့်တောင်ငူဗဟိုအကျဉ်းထောင်သို့ ရောက်ရှိကြရာ ယာယီရှင်းလင်းဆောင်၌ အကျဉ်းဦးစီးဌာနမှ **စာမျက်နှာ ၅ သို့»»**





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နန်းတော်ဦး လောကမာရဇိန် စေတီတော်ကြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

»» စာမျက်နှာ ၄ မှ

တာဝန်ရှိသူများက အကျဉ်းထောင်တည်ဆောက်ရေး လုပ်ငန်းများ အပိုင်းလိုက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ငူဗဟိုအကျဉ်းထောင်တည်ဆောက်နေသည့် လုပ်ငန်းခွင်များကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တည်ဆောက် လျက်ရှိသည့် အကျဉ်းထောင်အား ငလျင်ဒဏ် ခံနိုင်ရည်ရှိအောင် ထည့်သွင်းတွက်ချက် ဒီဇိုင်းရေးဆွဲဆောက်လုပ်ရန်၊ တာဝန်ရှိသူများနှင့် QC အဖွဲ့များ ပူးပေါင်း၍ နှစ်ပတ်တစ်ကြိမ်(သို့မဟုတ်) တစ်ပတ်တစ်ကြိမ် ဆောက်လုပ်ရေးလုပ်ငန်းများကို စစ်ဆေးရန်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာ အသုံးပြုရန်နှင့် လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တောင်ငူပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် ပြည်သူများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူ နည်းပညာတက္ကသိုလ်သို့ရောက်ရှိကြရာ နည်းပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်က တက္ကသိုလ်ဖွဲ့စည်း တည်ဆောက်ထားရှိသည့် အချက်အလက်များ၊ ငလျင်ဒဏ်ကြောင့် တက္ကသိုလ် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် အန္တရာယ်ရှိ အဆောက်အအုံ/နေရာများအလိုက် သတ်မှတ်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် တက္ကသိုလ်အတွင်း ငလျင်ကြောင့် ပျက်စီးခဲ့သည့် Lobby၊ ပင်မသုံးထပ်ဆောင်၊ Extension Building လေးထပ်ဆောင်၊ သုံးထပ်စာသင်ဆောင်၊ တစ်ထပ်လက်တွေ့ဆောင်၊ ကွန်ပျူတာအခန်းများနှင့် ဘာသာရပ်အလိုက် စာသင်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ၏ ကြံ့ခိုင်မှုတို့ကို ပဲခူးတိုင်းဒေသကြီးအစိုးရ၊ အဆောက်အဦစစ်ဆေးအဖွဲ့များ၏ စစ်ဆေးပြီး အခြေအနေများအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပညာရှင်များက တိုင်းတာစစ်ဆေးသည့် စက်ကိရိယာများဖြင့် ထပ်မံစစ်ဆေးလျက် ပြုပြင်ရန်လိုအပ်သည့် အဆောက်အအုံနှင့် အစိတ်အပိုင်းများအား မိုးရာသီမတိုင်မီ အမြန်ဆုံး ပြန်လည်ပြုပြင်တည်ဆောက်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

အဆိုပါ နည်းပညာတက္ကသိုလ်သည် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်(ISO 9001:2015)ရရှိပြီးသည့် မြန်မာနိုင်ငံ၏ အဆင့်မြင့်နည်းပညာတက္ကသိုလ် တစ်ခုဖြစ်ပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ Civil၊ EC၊ EP၊ Mech စသည့် မေဂျာကြီး လေးခုသာ သင်ကြားပို့ချခဲ့သော်လည်း ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှစ၍ IT နှင့် MC မေဂျာနှစ်ခုကို ထပ်တိုးသင်ကြားနေပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရပ်သားပြည်သူများကို လိုက်လံကြည့်ရှု၍ ထိခိုက်ဒဏ်ရာရှိမှု အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများ၊ ရောဂါသက်သာပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ဆေးရုံမှ ဝန်ထမ်းများအတွက်

စာမျက်နှာ ၆ သို့ »»





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆွာချောင်းတံတား ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



သမိုင်းဝင် နန်းတော်ဦး လောကမာရဇိန်စေတီတော်ကြီး၏ ပြိုကျပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရွှေလင်းယုန်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသထံ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းစဉ်။

»»» စာမျက်နှာ ၅ မှ

ချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါဆေးရုံ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများကို အတွင်းလူနာအဖြစ် ၆၇ ဦး တက်ရောက်ကုသမှုခံယူခဲ့ရာမှ ယခုအခါ ရှစ်ဦးသာ ဆေးကုသမှုခံရန် ကျန်ရှိပြီး ၅၉ ဦးသည် ထိခိုက်ဒဏ်ရာများ သက်သာပျောက်ကင်းသွားပြီ ဖြစ်သဖြင့် ဆေးရုံမှ ဆင်းခွင့်ရရှိသွားကြပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သမိုင်းဝင်ရွှေဆံတော်စေတီတော်သို့ ရောက်ရှိကြရာ ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ကြပြီး စေတီတော်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကာ ငလျင်ဒဏ်ကြောင့် စေတီတော်ကြီး၏ ထီးတော်မှ မြေခခဲ့သည့် အစိတ်အပိုင်းများ၊ ငလျင်ဒဏ်ကြောင့် စေတီတော်ကြီး၏ ထီးတော် အနည်းငယ် တိမ်းစောင်းနေမှု၊ စေတီတော်ကြီး အနည်းငယ် ကွဲအက်ပျက်စီးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီးဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းစွာ လာရောက်ဖူးမြော်နိုင်ရန်အတွက် ပြုပြင်ခြင်းလုပ်ငန်းများကို ရှေးမူမပျက် အမြန်ဆုံး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။ ထို့နောက် ဒုတိယ ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂန္ဓဝင်ကိုးခန်း သိမ်တော်ကြီး၌ ရတနာ့ဂုဏ်မြင့်ကျောင်း ရွှေလင်းယုန်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ အရဝိန္ဒာ ဘိဝံသ အမှူးပြုသော ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြကာ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် စေတီတော်များအတွက် အလှူရှင်များ ရှိပြီးဖြစ်သဖြင့် ပြန်လည်ပြုပြင်ရာတွင် ရှေးမူမပျက် မူလလက်ရာအတိုင်း ပိုမိုခိုင်ခံ့မှုရှိစေရန်အတွက် လိုအပ်သည့် နည်းပညာအကူအညီများဖြင့် ဆောင်ရွက်သွားမည့် အခြေအနေများကို လျှောက်ထားရာ ကြာနီကန် စာသင်တိုက်မှ နိုင်ငံတော်ဩဝါဒါစရိယ မဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ သူရိယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ကြုံတွေ့ခဲ့ရသည့် ကပ်ရောဂါနှင့် သဘာဝဘေးအန္တရာယ်များကို သဒ္ဓါ၊ သတိ၊ ပညာ၊ ဝီရိယ၊ ပညာ ယှဉ်၍ အောင်မြင်စွာ ကျော်လွှားနိုင်ပါကြောင်း၊ အောင်မြင်နိုင်ရန်လည်း ယုံကြည်ချက်ရှိရှိဖြင့် ရင်ဆိုင်ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း ဩဝါဒမိန့်ကြားရာ ဒုတိယဝန်ကြီးချုပ်က ယခုဖြစ်ပွားခဲ့သည့် ငလျင်ဘေးဒဏ်နှင့် ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် အခြားသာသနာဆိုင်ရာ ကိစ္စရပ်များကို ထပ်မံလျှောက်ထားတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူတက္ကသိုလ်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုကြောင့် Main Structure တိုင်များမှ ကွန်ကရစ်များ ကြွေမွ၍ သံချောင်းများ ကွေးညွှတ်ပြီး ထိခိုက်ပျက်စီးမှုများပြားခဲ့သည့် ရာမည သုံးထပ်စာသင်ဆောင်နှင့် မြေညီထပ်စာဖတ်ခန်းရှိ ကြမ်းခင်းများနှင့် အုတ်နံရံများ ကွဲကျပျက်စီးခဲ့သည့် စာကြည့်တိုက်တို့ကိုလည်းကောင်း၊ စက်မှုလက်မှုသိပ္ပံ (တောင်ငူ)တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းသားကျောင်းသူ အဆောင်များ၊ ဝန်ထမ်းအိမ်ရာများကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေများကို သက်ဆိုင်ရာနယ်ပယ်အလိုက် ပညာရှင်များပါဝင်သော အဖွဲ့နှင့် စစ်ဆေး၍ ပြန်လည်တည်ဆောက်ရမည့် အဆောက်အအုံများကို အမြန်ဆုံး ပြန်လည်တည်ဆောက်သွားရန်၊ ဖြိုချဖျက်ဆီးသွားရမည့် အဆောက်အအုံများကိုလည်း ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြိုချဖျက်ဆီးရန်၊ ပျက်စီးသွားခဲ့သည့်အဆောက်အအုံများအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေး အမြန်လမ်း ၁၆၅ မိုင် ၁ ဖာလုံနှင့် ၁၆၅ မိုင် ၃ ဖာလုံကြားရှိ ဆွာချောင်းတံတား ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားခဲ့မှု အခြေအနေများ၊ အသွားလမ်း ပေ ၈၁၀ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ P7 ကို ဗဟိုထား၍ နှစ်လွှာ တစ်ထပ် ယာယီဘေလီတံတား ပေ ၁၉၀ တပ်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ပေ ၄၀ သုံးလွှာ သုံးထပ် ဘေလီပြင်မ်းထောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ ဆွာချောင်းတံတား ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့မှုများကို ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေးအတွက် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃) တံတားအထူးအဖွဲ့(၁၀)က တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ၅ တန်အောက် ယာဉ်များသာ သွားလာနိုင်သော်လည်း မေ ၉ ရက်မှ စတင်၍ တန် ၂၀ မော်တော်ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်း ဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသေဆုံးမှုအနေဖြင့် ကနဦးစာရင်းများအရ ဘုရားစေတီ ၇၁ ဆူ၊ ဘုန်းတော်ကြီးကျောင်း ၁၈၆ ကျောင်း၊ စာသင်ကျောင်း ၉၂ ကျောင်း၊ အခြားဘာသာရေးကျောင်း ၁၅ ကျောင်း၊ ဌာနဆိုင်ရာ အဆောက်အအုံ ၂၀၀၊ အခြားအဆောက်အအုံ ၂၈၉၃ ခု၊ လူနေအဆောက်အအုံ ၁၇၃၆ လုံးနှင့် လမ်းတံတားအချို့ ထိခိုက်ပျက်စီးခဲ့ပြီး သေဆုံးသူ ၄၄ ဦး၊ ဒဏ်ရာရရှိသူ ၂၃၄ ဦး ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ငလျင်ဒဏ်ကြောင့် ဆွာချောင်းတံတား ထိခိုက်ပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။




ငလျင်ဒဏ်ကြောင့် ဆွာချောင်းတံတား ထိခိုက်ပျက်စီးမှုအား ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး သံလွင်တံတား(တာကော်) တံတားအသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၇**

ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းကို ချိတ်ဆက်ထားသည့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၈၄/၀)ရှိ သံလွင်တံတား(တာကော်)တံတားအသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်ရှိ အဆိုပါတံတား၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်ဖွင့်လှစ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ် / ခရိုင် / မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားရိုးရာအဖွဲ့များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက လှိုက်လှဲစွာကြိုဆိုကြသည်။

ထို့နောက် သံလွင်တံတား (တာကော်) တံတားအသစ်ဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်တို့က မင်္ဂလာအချိန်တွင် သံလွင်တံတား (တာကော်) တံတားအသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးသည် သံလွင်တံတား (တာကော်) တံတားအသစ် ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်၍အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ထံသို့ တံတားဖွင့်ပွဲ အမှတ်တရ လက်ဆောင် ပစ္စည်းအား ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး အသစ်တည်ဆောက်ပြီးစီးသည့် တံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

သံလွင်တံတား (တာကော်) တံတားအဟောင်းအား ၁၉၆၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ဖွင့်လှစ်အသုံးပြုခဲ့ရာ သက်တမ်း ၄၄ နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ တံတားခံနိုင်ဝန်အား လျော့နည်းကျဆင်းလာသည့်အတွက် တံတားဟောင်း၏ Up Stream ဘက်တံတား၏ ပေ ၇၀ အကွာတွင် တံတားအသစ်တစ်စင်းကို တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၂)က ၂၀၁၈ ခုနှစ် ဧပြီလမှစတင်၍ တာဝန်ယူတည်ဆောက်ခဲ့ရာ ယနေ့ အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ခရီးသွားပြည်သူများနှင့် **စာမျက်နှာ ၈ သို့** ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် အခမ်းအနားတက်ရောက်လာကြသူများ သံလွင်တံတား(တာကော်) တံတားအသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။



## ဖဲကြိုးဖြတ်ဖွင့်လှစ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်တို့က သံလွင်တံတား(တာကော်) တံတားအသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။



သံလွင်တံတား(တာကော်) တံတားအသစ်ကို တွေ့ရစဉ်။

✪ စာမျက်နှာ ၇ မှ
ကုန်တင်ယာဉ်ကြီးများ လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း။

သံလွင်တံတား (တာကော်) တံတားအသစ်သည် အပေါ်ထည်ပင်မတံတား Steel Box Girder နှင့် RCC Slab ဖြစ်ပြီး ချဉ်းကပ်တံတားမှာ PC Girder , RC Girder နှင့် RCC Slab အမျိုးအစားတို့ဖြင့် ပေါင်းစပ် တည်ဆောက်ထားကြောင်း၊ တံတားအရှည် ၁၁၅၁ ပေ၊ ယာဉ်သွားလမ်း နှစ်လမ်းသွားနှင့် တံတားအောက်ရေလမ်းကင်းလွတ်အမြင့် ၃၅ ပေ ၉ လက်မနှင့် ရေလမ်းကင်းလွတ်အကျယ် ပေ ၃၆၀ ရှိပြီး တံတား၏ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းတန် ၆၀ ဖြစ်ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး သံလွင်တံတား(တာကော်) တံတားအသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

သံလွင်တံတား (တာကော်) တံတားအသစ်သည် အာရှလမ်းမကြီး အမှတ်(၂) (AH – 2) မိတ္ထီလာ – တောင်ကြီး – ကျိုင်းတုံ – တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် အသစ်တည်ဆောက်ပြီးစီးသည့်အတွက် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ ဖြစ်သည့် တရုတ်၊ လာအို၊ ထိုင်းနိုင်ငံများသို့ ပိုမိုလွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည် ဖြစ်သကဲ့သို့ နယ်စပ် ကုန်သွယ်ရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပြီး ဒေသခံတိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည့်အကျိုးကျေးဇူးများလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မတ် ၂၈ ရက်တွင် မန္တလေးမြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာကိုဗဟိုပြု၍ အင်အားပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေ၊ ပြည်ပနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ရှာဖွေကယ်ဆယ်ရေး ကူညီဆောင်ရွက်နေမှုအခြေအနေ၊ ငလျင်ဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက် အိန္ဒိယနိုင်ငံက လူသားချင်းစာနာထောက်ထားမှုအကူအညီ ထောက်ပံ့ပေးအပ်မှုအခြေအနေနှင့် ပြန်လည်ထူထောင်ရေးကာလအတွက် နည်းပညာပိုင်းဆိုင်ရာအပါအဝင် လိုအပ်သည့်အကူအညီများ ပံ့ပိုးပေးအပ်ရေးတို့နှင့် စပ်လျဉ်းသည့်ကိစ္စရပ်တို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်ရုံးနှင့် ပြည်ထောင်စုဝန်ကြီးရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၇**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi အား ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

**ကူညီပံ့ပိုးနိုင်ရေးဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် UNHCR အနေဖြင့် မြန်မာနိုင်ငံရှိ ငလျင်ဘေးသင့်ပြည်သူများအား ကူညီပံ့ပိုးနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် မေ ၇**

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ Humedica နှင့် International Medical Corps တို့မှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် Humedica နှင့် International Medical Corps တို့မှ ကိုယ်စားလှယ်များအား ဧပြီ ၇ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အဆိုပါအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံရှိ ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးအထောက်အကူဆိုင်ရာ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန်အား ယနေ့နံနက်ပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေက ပျက်စီးဆုံးရှုံးမှုကြီးမားသည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံက လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ခဲ့မှုနှင့် ဘင်္ဂလားဒေ့ရှ်ဆေးအဖွဲ့များ မြန်မာနိုင်ငံသို့ စေလွှတ်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ငလျင်ဒဏ်သင့် ပြည်သူများဘဝကို ကယ်တင်ရေးနှင့် ကယ်ဆယ်ရေးအတွက် နှစ်နိုင်ငံအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန်အတွက်လည်း ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် အလားအလာရှိသည့်ကဏ္ဍများ၌ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၇

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ယခုကဲ့သို့ မိမိတို့နိုင်ငံတွင် ပြင်းထန်ငလျင် လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် အိန္ဒိယနိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးမှုများအပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နယ်ပယ်ကဏ္ဍများအလိုက် အမြင်ချင်းဖလှယ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် အိန္ဒိယနိုင်ငံ သံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်



# ဒုတိယဝန်ကြီး ဦးလွင်ဦး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၇

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေးတာကူးရ်အား ယနေ့ ညနေ ၄ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ပျက်စီးဆုံးရှုံးမှုကြီးမားသည့် ငလျင်လှုပ်ခတ်မှု ဖြစ်ပွားပြီးနောက် အိန္ဒိယနိုင်ငံမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများပေးအပ်ခဲ့မှုနှင့် အိန္ဒိယရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ဆေးအဖွဲ့များကို မြန်မာနိုင်ငံသို့



စေလွှတ်ပေးခဲ့ခြင်း အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ငလျင်ဒဏ်သင့်ပြည်သူများကို ကယ်တင်ရေးနှင့် ကယ်ဆယ်ရေးအတွက် နှစ်နိုင်ငံအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက် သွားရန်အတွက်လည်း ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန် ပူးပေါင်း ဆောင်ရွက်သွားနိုင်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကဏ္ဍများတွင် တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လျှော့ချသင့် ဝန်ထမ်းများအား အခြေခံစားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၇

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ဝန်ကြီးဌာနရှိ မော်တော်ယာဉ်ရပ်နားကွင်း၌ အင်အားအလွန်ပြင်းထန်သော ငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ဒဏ်သင့်ခဲ့သည့် ဝန်ထမ်းများအားအားပေးစကားပြောကြားပြီး စားသောက်ရေး အဆင်ပြေစေရန်အတွက် စတုတ္ထအကြိမ်မြောက် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ဘီစကွတ်၊ ကိတ်မုန့်နှင့် သောက်ရေသန့်စသည့် အခြေခံစားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်း ခြောက်မျိုးတို့ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းမိသားစုများ နေထိုင်နိုင်ရန်အတွက် ဝန်ကြီးဌာနရှိ မော်တော်ယာဉ်ရပ်နားဝင်းတွင် ဆောင်ရွက်လျက်ရှိသော ယာယီလူနေခန်းများ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့်မိသားစုဝင်များအတွက် သန့်ရှင်းသောသုံးရေများ လုံလောက်စွာရရှိရေး၊ ယင်လုံအိမ်သာများ စနစ်တကျဆောင်ရွက်ပေးရေး၊ လျှပ်စစ်မီး အန္တရာယ်ကင်းရှင်းစွာအသုံးပြုနိုင်ရေးနှင့် မိုးမကျမီ ဝန်ထမ်းများ အမိုးအကာအောက် ရောက်ရှိစေရေး၊ လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများက အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ပြင်းထန်ငလျင်ဒဏ်ခံခဲ့ရသည့် ဆင်သေရေလွှဲဆည်နှင့် ရေသောက်စနစ် ပြုပြင်မွမ်းမံ

နေပြည်တော် မေ ၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများသည် ယနေ့ညနေပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေရေလွှဲဆည် ရေသောက်စနစ်ရှိလက်ဝဲမြောင်းမကြီးနှင့် လက်ယာမြောင်းမကြီးများသို့ ရောက်ရှိကြပြီး ပြင်းထန်ငလျင်ဒဏ်ကြောင့် ရေပေးမြောင်းမကြီးတစ်လျှောက်နှင့် လက်တံမြောင်းများ၏ ကျောက်နံရံများ ပြိုကျပျက်စီးခဲ့မှုကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြင်းထန်ငလျင်ဒဏ်ကြောင့် ကျိုးပေါက်ပျက်စီးခဲ့သည့် ဆင်သေရေလွှဲဆည်အား ယာယီမြေသားတမံပိတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလ အချိန်မီပြီးစီးရေး၊ ရေ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးနှင့် လုပ်ငန်းများ အပိုင်းလိုက် စနစ်တကျဆောင်ရွက်ပြီး လျာထားချက်အတိုင်း စိုက်ပျိုးရေ အချိန်မီပေးဝေနိုင်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ဆင်သေရေလွှဲဆည် လက်ဝဲမြောင်းမကြီး ရေသောက်စနစ်၌ နွေသီးနှံ ဧက ၅၅၀၀ ကျော်နှင့် လက်ယာမြောင်းမကြီး ရေသောက်စနစ်၌ နွေသီးနှံ ဧက ၃၀၀၀ ခန့် စုစုပေါင်း နွေစပါးနှင့် နွေသီးနှံ ဧက ၈၅၀၀ ခန့်ကို စိုက်ပျိုးထားရှိရာ အဆိုပါစိုက်ဧရိယာများအတွက် စိုက်ပျိုးရေပေးဝေခြင်းကို မေ ၁၀ ရက်နေ့မှစ၍ ပြန်လည်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ထိရောက်လျင်မြန်စေရန် လက်ဝဲ၊ လက်ယာမြောင်းမကြီးများကို ဦးစားပေးပြုပြင်လျက်ရှိပြီး လက်တံမြောင်းများကို အပိုင်းလိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်တံမြောင်း အချိန်မီပြင်ဆင်နိုင်မှုမရှိသည့် နေရာများတွင် နေရောင်ခြည်စွမ်းအင်သုံး ရွှံ့လျားဆိုလာပန့်ခြောက်စုံဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေး စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။

အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ပြင်းထန်သောငလျင် လှုပ်ခတ်ခဲ့ခြင်းကြောင့် ရန်အောင်မြင်ကုန်းကျောတမံ၏ ကန်ရေပြည့်မှတ်အထက်တွင် တမံ၏အထက်ပိုင်းနှင့် တမံ၏အောက်ပိုင်း ထိခိုက်ပျက်စီးနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရန်အောင်မြင်ကုန်းကျောတမံ အမှတ်(၃)၏ ကန်ရေပြည့်မှတ် အထက်တွင် ထိခိုက်ပျက်စီးမှုများရှိသော်လည်း စိုးရိမ်ဖွယ်အခြေအနေတွင် မရှိကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် အပိုင်းအားဖယ်ရှားရှင်းလင်းပြီး တမံဖို့ရန် သင့်တော်သောမြေဖြင့် မြေသားပြန်လည်ဖို့ရမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Abhay Thakur ဦးဆောင်သည့်အဖွဲ့ကို ယနေ့ညနေပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



## ဆွေးနွေး

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ငလျင်ဘေးသင့်ဒေသများတွင် ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့များ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ အာဆီယံ သဘာဝဘေး အရေးပေါ်ထောက်ပံ့ပို့ဆောင်မှုစနစ်နှင့် အာဆီယံ နိုင်ငံတကာမှ ငလျင်ဘေး တုံ့ပြန်ဆောင်ရွက်မှုအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့နေမှု အခြေအနေများ၊ အရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကူညီဆောင်ရွက် ပေးစေလိုသည်များကို ဆွေးနွေးခဲ့ပြီး ယခုကဲ့သို့ အခက်အခဲကြုံတွေ့နေရချိန်တွင် အိန္ဒိယနိုင်ငံအစိုးရနှင့် ပြည်သူများအနေဖြင့် ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု အကူအညီများနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီများကို အမြန်ဆုံး ပေးပို့ထောက်ပံ့မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက ငလျင်ဘေးသင့် ဒေသများတွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အိန္ဒိယနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေး အဖွဲ့များနှင့် အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့များ၏ လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများနှင့် အိန္ဒိယနိုင်ငံ အစိုးရအနေဖြင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများအတွက် ဆက်လက်ကူညီပံ့ပိုးပေးနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## တောမီးလောင်မှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်မှု မရှိစေရေးအတွက် အောက်ပါတို့ကို လိုက်နာရန်-

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်။

( ခ ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်။

( ဂ ) ဆေးလိပ်မီးအကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုလုပ်ရန်။

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်။

( င ) တောမီးလောင်ကျွမ်းမှု တွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# တရုတ်နိုင်ငံတော် လျှပ်စစ်ဓာတ်အားရင်းနှီးမြှုပ်နှံမှုအုပ်စု(SPIC)မှ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် အကူအညီပစ္စည်းများ လာရောက်လှူဒါန်း



**နေပြည်တော် ဧပြီ ၇**

တရုတ်နိုင်ငံတော် လျှပ်စစ်ဓာတ်အား ရင်းနှီးမြှုပ်နှံမှုအုပ်စု (STATE POWER INVESTMENT CORPORATION –SPIC)မှ ကူမင်းမြို့ရှိ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှတစ်ဆင့် ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ပေးအပ်လှူဒါန်းသော ပထမအသုတ် ကယ်ဆယ်ရေး ပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနမျက်နှာစာရှိ ယာယီအဆောက်အအုံ၌ ကျင်းပရာ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်၍ လက်ခံရယူသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားပြီး ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့မှု၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ လျှပ်စစ်မီးနှင့် သောက်သုံးရေ အမြန်ဆုံးပြန်လည်ရရှိရေးဆောင်ရွက်နေမှု၊ ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လိုအပ်ချက် အခက်အခဲများကို ပြောကြားသည်။

ထို့နောက် တရုတ်နိုင်ငံတော် လျှပ်စစ်ဓာတ်အား ရင်းနှီးမြှုပ်နှံမှုအုပ်စု (STATE POWER INVESTMENT CORPORATION –SPIC)မှ တာဝန်ရှိသူတစ်ဦးက ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ် လှူဒါန်းရခြင်းနှင့် ဆက်လက်ပေးအပ်လှူဒါန်းသွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တရုတ်နိုင်ငံတော် လျှပ်စစ်ဓာတ်အား ရင်းနှီးမြှုပ်နှံမှုအုပ်စု (STATE POWER INVESTMENT CORPORATION –SPIC)မှ တာဝန်ရှိသူများက ပထမအသုတ်အကူအညီ ပစ္စည်းများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းထံ ပေးအပ်လှူဒါန်းသည်။

ထို့အတူ တရုတ်နိုင်ငံတော် လျှပ်စစ်ဓာတ်အား ရင်းနှီးမြှုပ်နှံမှုအုပ်စု (STATE POWER INVESTMENT CORPORATION –SPIC)မှ တာဝန်ရှိသူများသည် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသို့လည်း အကူအညီပစ္စည်းများ သွားရောက်လှူဒါန်းကြသည်။

တရုတ်နိုင်ငံတော် လျှပ်စစ်ဓာတ်အား ရင်းနှီးမြှုပ်နှံမှုအုပ်စု (STATE POWER INVESTMENT CORPORATION –SPIC) မှ ကူမင်းမြို့ရှိမြန်မာနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှတစ်ဆင့် ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ယွမ်လေးသိန်းတန်ဖိုးရှိ အရေးပေါ်စားရေ ရိက္ခာ၊ နေထိုင်မှုသုံးပစ္စည်းများနှင့် ပိုးသတ်ဆေးပစ္စည်းများကို ပထမအသုတ်အနေဖြင့် လာရောက်လှူဒါန်းခြင်းဖြစ်ပြီး ယွမ် ငါးသိန်း တန်ဖိုးရှိ အကူအညီပစ္စည်းများကို ဒုတိယအသုတ်အနေဖြင့် လည်းကောင်း၊ ယွမ် ၁၀ သိန်းတန်ဖိုးရှိ အကူအညီပစ္စည်းများကို တတိယအသုတ်အနေဖြင့်လည်းကောင်း ပေးအပ်လှူဒါန်းနိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပျဉ်းမနားမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများအား ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဧပြီ ၇**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်ရှိ ခေမာသီဝံဘုန်းတော်ကြီးကျောင်း၊ မင်္ဂလာရပ်ကွက်ရှိ ငွေတောင်ဘုန်းတော်ကြီးကျောင်းနှင့် ဇေယျာသိမ်ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဘုန်းတော်ကြီးကျောင်းများ ထိခိုက်ပျက်စီးမှုအခြေအနေနှင့် အဆိုပါဘုန်းတော်ကြီးကျောင်းများတွင် တပ်မတော်သားများက ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းနှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ပြီး ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီးသို့ သွားရောက်ပြီး



ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ယာယီ နေရာချထားမှုအခြေအနေများကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ ယာယီဆေးရုံ(ပေါင်းလောင်း)၌ ကူညီနေသော ကြက်ခြေနီများအား တွေ့ဆုံအားပေး

**နေပြည်တော် ဧပြီ ၇**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ တင်တင်လေးသည် နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အတူ နေပြည်တော်ရှိ မြို့နယ်များ၌ ဖွင့်လှစ်ထားသော ငလျင်ဘေး ကယ်ဆယ်ရေးစခန်းများ၊ ယာယီဆေးရုံ(ရွှေကြာပင်)နှင့် ယာယီဆေးရုံ(ပေါင်းလောင်း) တို့တွင် ကူညီ ဆောင်ရွက်နေကြသော ကြက်ခြေနီစေတနာလုပ်အားရှင်များအား ဧပြီ ၅ ရက်တွင်



သွားရောက် တွေ့ဆုံအားပေးခဲ့ပြီး လိုအပ်သည့် ကူညီမှုများအတွက် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**



# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရုံးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဧပြီ ၇**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် ဒုတိယဥက္ကဋ္ဌများ ဦးဆောင်၍ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၏ ရုံးအဆောက်အအုံများ၊ ယာယီတဲ တည်ဆောက်နေမှုများ၊ ဝန်ထမ်းများအတွက် နေရာချထားမှုနှင့် အသုံးအဆောင်ပစ္စည်းများ၊ အစားအသောက်များ ဖြန့်ဝေပေးခြင်းများနှင့် လှူဒါန်းမှုများကို ယနေ့တွင် စနစ်တကျ လက်ခံခြင်းများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရုံးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဘဏ်လုပ်ငန်းစနစ်များအား Electronic Payment စနစ်များဖြင့်လည်းကောင်း၊ နိုင်ငံခြားသုံးငွေကိစ္စများအား FX Platform များဖြင့်လည်းကောင်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့် အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့) ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်အတွင်းရှိ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

**နေပြည်တော် မေ ၇**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်အတွင်းရှိ ဇလပ်ဝါဘီစကွတ်စက်ရုံသို့ရောက်ရှိပြီး စက်မှုဇုန်အတွင်းရှိ လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အင်အားပြင်းငလျင်ဒဏ်ကြောင့် စက်မှုဇုန်အတွင်း လူ/စက်ရုံ၊ အဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးမှုအခြေအနေများကို သိရှိလိုပါကြောင်း၊ သို့မှသာ စက်မှုလုပ်ငန်းများနှင့် MSME လုပ်ငန်းများ အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမည့်လုပ်ငန်းများကို တတ်စွမ်းသရွေ့ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့တွေ့ကြုံနေရသည့်အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ တင်ပြပေးစေလိုကြောင်း၊ စက်ရုံပျက်စီးဆုံးရှုံးမှုများအပေါ်မူတည်၍ ချေးငွေများရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုဖြစ်ပွားခဲ့သည့် ငလျင်လှုပ်ခတ်မှုကို နမူနာယူ၍ စက်ရုံ/အလုပ်ရုံများ ပြန်လည်ပြုပြင်ခြင်း၊ အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အချို့စက်ရုံများ၏ စက်ပစ္စည်းနှင့် ယန္တရားများမှာ ကြီးမားလေးလံသည့် ပစ္စည်းများဖြစ်သည့်အတွက် လုပ်သားဝန်ထမ်းများအတွက် အန္တရာယ်မဖြစ်စေရေး အထူးဂရုပြုပြီး ဆောင်ရွက်ကြစေလိုကြောင်း၊ စက်မှုဇုန်/ စက်ရုံများအလိုက် သဘာဝဘေးအန္တရာယ်များ၊ အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက ဝန်ထမ်းတစ်ဦးချင်းအလိုက် လိုက်နာဆောင်ရွက်ရမည့် အစီအမံများကို ကြိုတင်ဇာတ်တိုက် လေ့ကျင့်သွားကြရန်လိုကြောင်း လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ထိခိုက်ပျက်စီးမှုများကို ရှင်းလင်းဖယ်ရှားခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း များဆောင်ရွက်ခြင်းတို့ကို အဆင့်လိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုဇုန်အတွင်း ထိခိုက်ပျက်စီးမှုများအတွက် လိုအပ်သည်များကို တတ်စွမ်းသရွေ့ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးစက်မှုဇုန်ဥက္ကဋ္ဌမှ ငလျင်ဒဏ်ကြောင့် စက်ရုံများပျက်စီးဆုံးရှုံးမှု အခြေအနေများကိုလည်းကောင်း၊ လုပ်ငန်းရှင်များက စက်ရုံများ ထိခိုက်ပျက်စီးခဲ့မှု၊ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုနှင့် လတ်တလောလိုအပ်ချက်များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးပြီး စက်မှုဇုန်အတွင်း ငလျင်ဒဏ်ကြောင့် စက်ရုံ/ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဆပ်ပြာစက်ရုံ(မန္တလေး)သို့ ရောက်ရှိရာ အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် စက်ပစ္စည်း၊ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ထိခိုက်ပျက်စီးခဲ့သည့် စက်ပစ္စည်းများအား အမြန်ဆုံးပြင်ဆင်လည်ပတ်နိုင်ရေး စီမံဆောင်ရွက်သွားရန်၊ အဆောက်အအုံများအား ပြန်လည်ပြုပြင်အသုံးပြုနိုင်မည့် အခြေအနေနှင့် ဖြိုချဖျက်ဆီး၍ အသစ်ပြန်လည်တည်ဆောက်ရမည့်အခြေအနေတို့ကို ပြုစုတင်ပြရန်၊ အန္တရာယ်ဖြစ်စေနိုင်သည့် အဆောက်အအုံနေရာများတွင် သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲထားရန်တို့ကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားပြီး ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ အခက်အခဲတင်ပြမှုများအပေါ် ကူညီဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ အင်အားပြင်းငလျင်လှုတ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများနှင့်ပတ်သက်၍ မန္တလေးစက်မှုဇုန် ပြန်လည်တည်ဆောက်ရာတွင် သိရှိလိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် လုပ်ငန်းတာဝန်များ၊ အဆောက်အအုံများပြုပြင်ခြင်းနှင့် အသစ်ဆောက်လုပ်ခြင်းများတွင် ငလျင်ဒဏ်ခံနိုင်ရေး သတ်မှတ်ညွှန်ကြားချက်များကို အသိပညာပေးပြောကြားပြီး ဝန်ထမ်းများ၏ အခက်အခဲတင်ပြမှုများအပေါ် ကူညီဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ် ကျဲ့ကျန်းကုန်သည်ကြီးများအသင်းက ရမည်းသင်းခရိုင်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအား စားသောက်ကုန်များ ပေးအပ်လှူဒါန်း

**ရန်ကုန် မေ ၇**

မြန်မာ-တရုတ် ကျဲ့ကျန်းကုန်သည်ကြီးများအသင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်းရှိ ငလျင်ဘေးသင့် ပြည်သူများအား စားသောက်ကုန်များ ပေးအပ်လှူဒါန်းပွဲကို ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်းရတနာခန်းမ၌ မေ ၆ ရက်မွန်းလွဲပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးစိန်မြင့်က လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားပြီး မြန်မာ-တရုတ် ကျဲ့ကျန်းကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ Mr.Tu Guoding က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် မြန်မာ-တရုတ် ကျဲ့ကျန်းကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ငလျင်ဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထိုသို့ လှူဒါန်းရာတွင် ရမည်းသင်းခရိုင်အတွင်းရှိ ငလျင်ဘေးသင့် အိမ်ထောင်စု ၁၀၀၀ တို့အား အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ သား၊ ခေါက်ဆွဲခြောက်တစ်ဖာ၊ ရေသန့်တစ်လီတာ တစ်ကတ်၊ ကျား/မဝတ် အင်္ကျီ ၁၀ ထည်နှင့် နှာခေါင်းစည်း ၁၀ ခု တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။



ထို့ပြင် ပိုးသတ်ဆေးဖျန်းပုံး ၁၀ ပုံးကိုလည်း လှူဒါန်းခဲ့ကြောင်း၊ ယနေ့ လှူဒါန်းမှုမှာ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၂၈၀၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**ကိုဌေး**

# ရေတာရှည်မြို့နယ်၌ ငလျင်လှုပ်ခတ်ခဲ့သည့် နေရာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ရေတာရှည် မေ ၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မတ် ၂၈ရက်က အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့သည့် ရပ်ကွက်နှင့် ကျေးရွာများတွင် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီးနှင့် ဝန်ထမ်းများက ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မေ ၆ ရက် နံနက်ပိုင်းက (၃)ရပ်ကွက် စံပြလမ်းရှိ နေအိမ် များသို့ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပြီး ရေတွင်း၊ ရေကန်များကို ကလိုရင်းခတ်ခြင်း၊ သွေးလွန်တုပ်ကွေး ကာကွယ်ရန်အတွက် အဘိတ်ဆေးခတ်ခြင်း၊ ဝမ်းလျှောဝမ်းပျက်ရောဂါများအတွက် ကြိုတင်ကာကွယ်ခြင်းများကို ဆောင်ရွက်ပေးခဲ့ကာ လိုအပ်သည့် ဆေးကုသပေးခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မေ ၅ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တပ်ကုန်းမြို့နယ်၌ လက်နှိပ်ရေတွင်းများ ပြန်လည်တူးဖော်ပေး

**တပ်ကုန်း မေ ၇**

ပြည်ထောင်စု နယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ် မြောက်မြိုက်ကျေးရွာ၌ ငလျင်ဒဏ်သင့် ပြည်သူများအတွက် ယမန်နေ့တွင် အလှူရှင်များက စားသောက်ကုန် ပစ္စည်းများ၊ သောက်သုံးရေများ လာရောက်လှူဒါန်းခြင်းနှင့် လက်နှိပ်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးကြသည်။



**လှူဒါန်း**

ယင်းသို့လှူဒါန်းရာတွင် EVER SUNNY Industral ကုမ္ပဏီက ဆန်းဒေး၊ ပလက်တီနမ် ကော်ဖီမစ်ထုပ်ကြီး၊ ခေါက်ဆွဲခြောက်ထုပ်ကြီး၊ ရှမ်းကြီး (ဂျင်း၊ လက်ဖက်၊ ပဲကြော်)စုံထုပ်၊ ဘီစကွတ်ထုပ်၊ ခါတ်ဆားထုပ်၊ ဆေးပစ္စည်း ခုနစ်မျိုးပါအိတ် ၁၆၀၊ ရေသန့်ခြောက်ဘူးပါကတ် ၁၆၀၊ ကိုရဲမင်း မိသားစုက တစ်အိမ်ထောင်လျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ၂၇သိန်း၊ ဦးသိန်းသန်းအောင် ဦးဆောင်၍ နိုကူနိုယ စာအုပ်စတိုးများ (ဒူဘိုင်းအခြေစိုက်)နှင့် ဆာယာကရုဏာအဖွဲ့၊ ဓမ္မရောင်ခြည်အဖွဲ့တို့က တစ်အိမ်ထောင်လျှင် တစ်သိန်းနှုန်းဖြင့် ငွေကျပ် သိန်း ၇၀၊ ပေ ၁၀၀ အနက်ရှိ လက်နှိပ်ရေတွင်းခြောက်တွင်းတို့ကို လှာထား တူးဖော်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အား အလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသည့် တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတွင် မေ ၇ ရက်အထိ သေဆုံးသူ ၃၅၅၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၁၄ ဦးနှင့် ပျောက်ဆုံးသူ ၁၆၀ ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၀၀ အား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ လေယာဉ် ငါးစင်းတို့ဖြင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၄၇ ဒသမ ၄၁ တန် ဆိုက်ရောက်ခဲ့သည်။

ပြည်တွင်း၊ ပြည်ပအလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကို ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံး ထောက်ပံ့ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အထူးဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားကြောင်း ထုတ်ပြန်ခြင်း

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် မန္တလေးမြို့၏ အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာခန့် ကွာဝေးသောနေရာကို ဗဟိုပြု၍ မြန်မာနိုင်ငံအတွင်း လှုပ်ခတ်သွားသည့် အင်အားပြင်းငလျင်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားလျက် မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်မှ အထူးဝမ်းနည်းခြင်းဖြစ်ရပြီး ဆုံးရှုံးနစ်နာမှုများအပေါ် စာနာထောက်ထားရပါကြောင်းနှင့် ငလျင်ဘေးဒဏ်သင့် ပြည်သူလူထုအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် မိမိတို့ မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်မှ တတ်အားသရွေ့ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်**
**၂၀၂၅ ခုနှစ်၊ မေလ ၇ ရက်**

## ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဝန်ထမ်းများ ယာယီနေထိုင်လျက်ရှိသည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၊ ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်

**နေပြည်တော် မေ ၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီးဒေါ်နုမြဇံ၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ရွှေလက်လှဘုရားသို့ ရောက်ရှိ၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူကာ စေတီတော်မြတ်၏ ထီးတော်တိမ်းစောင်းနေမှု၊ ငှက်မြတ်နားတော် ကျိုးကျမှု၊ စိန်ဖူးတော်မြေခပျက်စီးမှု၊ အရန်စေတီတော် နှစ်ဆူတွင် ငှက်ပျောဖူးပြိုကျ၍ ထီးတော်မြေခပျက်စီးမှု၊ လုံးတော်ကွဲအက်မှုများကို ကြည့်ရှုစစ်ဆေး၍ စေတီတော်ဂေါပကအဖွဲ့အား စေတီတော်ပျက်စီးမှုများကို မူလပုံစံမပျက် ပြန်လည်ပြင်ဆင်ရေး၊ ထီးတော်နှင့် စိန်ဖူးတော်များ ပျက်စီးမှုကို စနစ်တကျပြုပြင်ထိန်းသိမ်း၍ ထီးတော်တင်လှူပူဇော်နိုင်ရေး စေတီတော်သြဝါဒါစရိယဆရာတော်ကြီးများထံ သြဝါဒခံယူပြီး ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျ ဆောင်ရွက်သွားရန် မှာကြားသည်။



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငလျင်ဒဏ်သင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်မိသားစုများ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ရွှေလက်လှဘုရား ဦးခန္တီတန်ဆောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီ၊ စားသုံးဆီ တစ်ပိဿာ၊ ဆန် ခြောက်ပြည်အိတ် တစ်အိတ်တို့ကို ထောက်ပံ့ပေးအပ်၍ မဟာငလျင်ကာကွယ်ဂါထာများ ပေးအပ်ပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ် ကူနှစ်လုံးဆယ်စုကျေးရွာ ရတနာမာန်အောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရနှင့် ဒါယကာ ဒါယိကာမများက ထမင်းနှင့် ဟင်းလျာများ လာရောက်လှူဒါန်းမှုကို ဝန်ထမ်းများနှင့်အတူ လက်ခံ၍ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ရင်းရင်းနှီးနှီးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငလျင်ဒဏ်သင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်မိသားစုများ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ပုဗ္ဗသီရိမြို့နယ် ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်းရှိ ခနဲဓမ္မာရုံသို့ ရောက်ရှိပြီး ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီ၊ စားသုံးဆီ တစ်ပိဿာ၊ ဆန် ခြောက်ပြည်အိတ် တစ်အိတ်တို့ကို ထောက်ပံ့ပေးအပ်၍ မဟာငလျင်ကာကွယ်ဂါထာများ ပေးအပ်ပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့မှ ဦးမင်းမင်းဦး ဦးဆောင်သော ပေးဆပ်သူတို့နှလုံးသား သွေးလှူရှင်အသင်းက ရေသန့်၊ ခေါက်ဆွဲခြောက်၊ ပေါင်မုန့်နှင့် ဆေးစိမ်ခြင်ထောင်များ လာရောက်လှူဒါန်းမှုကို ဝန်ထမ်းများနှင့်အတူ လက်ခံ၍ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ရင်းရင်းနှီးနှီးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငလျင်ဒဏ်သင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်မိသားစုများ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ပုဗ္ဗသီရိမြို့နယ် မရှိခဏဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီ၊ စားသုံးဆီ တစ်ပိဿာ၊ ဆန် ခြောက်ပြည်အိတ် တစ်အိတ်တို့ကို ထောက်ပံ့ပေးအပ်ပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဒဏ်ကြောင့် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် နေရာများတွင် ဝန်ထမ်းမိသားစုများ နေရာချထားမှု၊ သောက်သုံးရေ စီစဉ်ဆောင်ရွက်ထားမှု၊ သန့်စင်ခန်းများ စီစဉ်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး စုစုပေါင်းငွေကျပ် သိန်း ၁၄၀၀၊ စားသုံးဆီ ပိဿာ ၁၄၀၀ တို့ကို ထောက်ပံ့ပေးအပ်၍ ဝန်ထမ်းမိသားစုများ ရေသုံးစွဲမှုအဆင်ပြေစေရန် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်များ တည်ဆောက်ပေးသွားရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ပြောင်းရွှေ့နေထိုင်မည့် ဝန်ထမ်းမိသားစုများအား တွေ့ဆုံရာတွင် သာသနာ့နယ်မြေအတွင်း နေထိုင်ခြင်းဖြစ်၍ သန့်ရှင်းရေးကို ကုသိုလ်စိတ်ထားပြီး ဂရုပြုဆောင်ရွက်ကြရန်၊ ရဟန်းသံဃာတော်များ၏ ဝေယျာဝစ္စကိစ္စကို တတ်နိုင်သမျှ ကုသိုလ်ယူဆောင်ရွက်ကြရန်၊ စုစည်းနေထိုင်ခြင်းဖြစ်၍ တစ်ကိုယ်ရေကျန်းမာရေး ဂရုစိုက်နေထိုင်ကြရန်နှင့် သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားသွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သာစည်-ရွှေညောင်လမ်းပိုင်းတွင် ငလျင်ဒဏ်ကြောင့် ရထားလမ်းပိုင်းနေရာအချို့ ပျက်စီးမှုများ အမြန်ဆုံးပြင်ဆင်ပြီး ရထားခရီးစဉ်ပြန်လည်ပြေးဆွဲ

**နေပြည်တော် မေ ၇**

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော ပြင်းထန်ငလျင်ဒဏ်ကြောင့် သာစည်-ရွှေညောင် ရထားလမ်းပိုင်းရှိ အချို့နေရာများ၌ ပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့သဖြင့် ရထားပြေးဆွဲမှုများကို ယာယီရပ်နားခဲ့ရသည်။

**ပျက်စီး၊ ပိတ်ဆို့ခြင်းများ ဖြစ်ပေါ်**

အဆိုပါ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအနက် အဓိကအားဖြင့် ဘုရားငါးဆူဘူတာနှင့် ယင်းမာပင်ဘူတာကြား မိုင်တိုင် ၃၁၉/၁၈-၂၀၊ ၃၁၉/၁၆-၁၇၊ ၃၂၅/၁၈-၁၉၊ ၃၂၇/၉-၁၀ နေရာများ၊ လယ်ပြင်ဘူတာနှင့် လွန်းထိုးဘူတာအကြား မိုင်တိုင် ၃၄၅/၁၂-၁၃၊ ၃၄၅/၁၅-၁၆ နေရာများ၊ လွန်းထိုးဘူတာနှင့် ခွေးရုပ်ဘူတာအကြား မိုင်တိုင် ၃၄၈/၁၆-၁၇ နေရာများတွင် တောင်စောင်းနေရာများမှ ကျောက်တုံးကြီးများ ပြိုကျခြင်း၊ တောင်ပြိုမြေများ ဖုံးလွှမ်းခြင်း၊ သစ်ပင်ကြီးများ လဲကျခြင်း၊ သံလမ်းပေါ်သို့ ကျောက်တုံးကြီးများ ပြိုကျခြင်းတို့ကြောင့် သံလမ်းများ တွန့်လိမ်ပြတ်ထွက်ခြင်း၊ ရထားလမ်း ပျက်စီး၊ ပိတ်ဆို့ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ရထားလမ်းပျက်စီးမှုများကြောင့် သာစည်-ရွှေညောင်-တောင်ကြီး လူစီးရထားခရီးစဉ်များကို ယာယီရပ်တန့်ခဲ့ရသည်။ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက အဆိုပါပျက်စီးသည့်နေရာများသို့ မတ် ၂၉ ရက်မှစ၍ လိုက်လံစစ်ဆေးခဲ့ပြီး လုပ်သားအင်အား ၁၀၀၊ စက်ယန္တရား(Backhoe) သုံးစီးတို့ အသုံးပြု၍ ပိတ်ဆို့နေသည့် ကျောက်တုံးများနှင့် တောင်ပြိုမြေများကို ဖယ်ရှားရှင်းလင်းခြင်း၊ သံလမ်းပြတ်ထွက်၊ ပျက်စီးမှုများကို သံလမ်းအသစ်ဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ခဲ့သဖြင့် မေ ၂ ရက်တွင် ရထားလမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး မေ ၄ ရက်မှစ၍ လူစီးရထားများ သတ်မှတ်အချိန်ဇယားအတိုင်း ပြန်လည်ပြေးဆွဲပေးလျက်ရှိသည်။




ထို့အတူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် လူစီးရထားနှင့် ကုန်ရထားများ ပြေးဆွဲခြင်းကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အဓိက ရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၊ ပုသိမ်-ကြံခင်းလမ်းပိုင်းနှင့် ရန်ကုန်မြို့ပတ်၊ ဆင်ခြေဖုံးလမ်းပိုင်းများတွင် သာမက ရန်ကုန်-မန္တလေး ရထားလမ်းမကြီးနှင့် ချိတ်ဆက်ထားသည့်အခြားလမ်းပိုင်းများတွင်လည်း ရထားများ ပုံမှန်အတိုင်းပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း လျှော်ဘေးသင့်ဝန်ထမ်းအိမ်ရာအဆောက်များနှင့် တိုက်ခန်းများတွင် ပြန်လည်ပြုပြင် ပြင်ဆင်၍ နေရာချထားနိုင်ရေး ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ငလျင်ဘေးသင့် ဝန်ထမ်းအိမ်ရာအဆောက်များနှင့် တိုက်ခန်းများတွင် ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြန်လည်ပြုပြင် ပြင်ဆင်၍နေရာချထားနိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**တာဝန်ရှိသူများအား မှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အဆောက်အအုံများ၏ ထိခိုက်ပျက်စီးမှု အခြေအနေကို ဝန်ကြီးဌာနရှိ ကျွမ်းကျင်ပညာရှင်များပါသော နည်းပညာစိစစ်ရေးအဖွဲ့ဖြင့်စစ်ဆေး၍ ခိုင်ခံ့မှုအခြေအနေအား အဖြူရောင်၊ လိမ္မော်ရောင်နှင့် အနီရောင်အဆင့် သတ်မှတ်ခဲ့ပြီး အဖြူရောင်အဆင့် အဆောက်အအုံများတွင် ပြန်လည်နေရာချထားနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ အဖြူရောင်အဆင့်အဖြစ် သတ်မှတ်ထားသော အဆောက်အအုံများအနက်မှ ဇမ္ဗူသီရိမြို့နယ်ရှိ သပြေ(၁)၊ အဆောင် (၁၄)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၁၈)၊ (၁၉) နှင့် ပိတောက်



အိမ်ရာ တိုက်အမှတ်(၇၂၃)တို့သို့ သွားရောက်ပြီး အဆောင်/တိုက်ခန်းများ၏ ကြံ့ခိုင်မှုနှင့် ခိုင်ခံ့မှုအခြေအနေများကို အဆောင်/တိုက်ခန်း တစ်ခုချင်းစီအလိုက် အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည့် ပြင်ဆင်မှုများအား အမြန်ပြုပြင် ပြင်ဆင်၍ ပြန်လည် နေရာချထားနိုင်ရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဥတ္တရသီရိမြို့နယ်ရှိ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့သည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇) ရုံးအဆောက်အအုံ ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဥတ္တရသီရိမြို့နယ်ရှိ ငလျင်ဘေးဒဏ်ကြောင့်ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့သည့် နေပြည်တော်ပင်မဓာတ်အားခွဲရုံ(၂)သို့ရောက်ရှိပြီး ဓာတ်အားခွဲရုံ အဆောက်အအုံအတွင်း ပျက်စီးခဲ့မှု၊ Switch Yard အတွင်း ပျက်စီးခဲ့မှုနှင့် ဓာတ်အားပြန်လည် ပို့လွှတ်ပေးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ ပျက်စီးမှုများကို အမြန်ပြုပြင် ပြင်ဆင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။ ထို့နောက် ဓာတ်အားခွဲရုံ အတွင်းရှိ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှု၍ အခန်းလွတ်များတွင် ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား အမြန်နေရာချထားနိုင်ရေး ဆောင်ရွက်သွားရန်နှင့် ရေမီးပြည့်စုံစွာဖြင့် အဆင်ပြေစွာနေထိုင်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ပြီး ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား နေရာချထားမှု၊ နေထိုင်စားသောက်မှုတို့ကို ကြည့်ရှု၍အားပေးစကားပြောကြားပြီး မိမိတို့နေထိုင်ရာ အဆောက်အအုံ အတွင်း/အပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရေးဆောင်ရွက်သွားရန် မှာကြားကာ သောက်ရေသန့်များနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသော ဝန်ထမ်းနှင့် မိသားစုဝင်များ ယာယီနေထိုင်ရာ နေရာများသို့ သွားရောက်စစ်ဆေး

**နေပြည်တော် မေ ၇**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၌ ဝန်ကြီးဌာနမှ အငြိမ်းစား ဝန်ထမ်းများနှင့် ပြည်တွင်း/ပြည်ပမှ အလှူရှင်များက ဝန်ထမ်းနှင့် မိသားစုများအတွက် လာရောက်လှူဒါန်းသော ထောက်ပံ့ငွေများနှင့် အစားအသောက်များကို လက်ခံရယူပြီး ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများထံသို့ လွှဲပြောင်းဖြန့်ဝေပေးသည်။

**လမ်းညွှန်မှာကြား**

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဝန်ထမ်းနှင့် မိသားစုဝင်များကို ယာယီနေရာချထားပေးသည့်နေရာများသို့သွားရောက်ပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များ ပြောင်းရွှေ့နေထိုင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းမိသားစုဝင်များအနေဖြင့် မိမိတို့အား သတ်မှတ်နေရာချထားပေးသည့်နေရာများတွင်စနစ်တကျ သန့်ရှင်းသပ်ရပ်စွာ နေထိုင်ကြရေး၊ အညစ်အကြေးများအား စနစ်တကျစွန့်ပစ်ကြရေး၊ လူအများနှင့် နေထိုင်ရသည့်အတွက် ကူးစက်ရောဂါများ မဖြစ်ပွားစေရေးတို့အတွက် ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်ကြရေး၊ တာဝန်ရှိသူများအနေဖြင့် အခြေခံလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်း ဆောင်ရွက်ပေးကြရေး လမ်းညွှန်မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းနှင့် ဒုတိယဝန်ကြီးတို့သည် ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြောင်းရွှေ့နေရာချထားပေးရန် ကျန်ရှိနေသေးသော ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် ဝန်ထမ်း မိသားစုများအား ပြောင်းရွှေ့ နေရာချထားပေးနိုင်ရေးအတွက် စီစဉ်ထားရှိသည့် နေရာများသို့ လိုက်လံကြည့်ရှုပြီး အမြန်ဆုံးပြောင်းရွှေ့နေရာချထားပေးနိုင်ရေးနှင့် အခြေခံလိုအပ်ချက်များကို ဆောလျင်စွာဖြည့်ဆည်း ဆောင်ရွက် ပေးရေးအတွက် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် PENANE Invitational Judo Championship (2025) ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဂျူဒိုအားကစားအဖွဲ့များနှင့် တွေ့ဆုံ

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် တာဝန်ရှိသူများသည် မေ ၁၁ ရက်မှ ၁၃ ရက်အထိ မလေးရှားနိုင်ငံ ပီနန်မြို့တွင် ကျင်းပမည့် PENANE Invitational Judo Champion-ship (2025) ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဂျူဒိုအားကစားအဖွဲ့များနှင့် တွေ့ဆုံခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ အားကစားအဖွဲ့များက တစ်ဦးချင်း မိတ်ဆက်ကြပြီး ဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူက ပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ငလျင်ဒဏ်သင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားသမားများအတွက် အလှူရှင်များမှ လာရောက်လှူဒါန်းပေးထားသည့် ထောက်ပံ့ပစ္စည်းများ၊ အစားအသောက်များနှင့် သောက်ရေသန့်များကို လိုက်လံကြည့်ရှုခဲ့ပြီး သက်ဆိုင်သူများထံသို့ လက်ဝယ်ရရှိအောင် စနစ်တကျညီတူညီမျှ ပြန်လည်ခွဲဝေပေးနိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) နှင့် (Youth Camp) တို့တွင် စခန်းဝင် လေ့ကျင့်လျက်ရှိသည့် ပဏာမလက်ရွေးစင် အားကစားသမားများနှင့် လူငယ်အားကစားသမားများအား မေလမှစတင်၍ တစ်ဦးလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ချက်ပြုတ်ပြင်ဆင် ကျွေးမွေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းလတ်ဆတ်မှုရှိစေရန်နှင့် အာဟာရပြည့်ဝစွာ ကျွေးမွေးသွားရန် တာဝန်ရှိသူများအားမှာကြားကာအားကစားသမားများနှင့်အတူ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ယာယီရွှေ့ပြောင်းနေထိုင်သည့် ကျန်းမာရေးဝန်ထမ်းများအား ကြည့်ရှုအားပေး



နေပြည်တော် ဧပြီ ၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဓနသိဒ္ဓိဘောလုံးကွင်းနှင့် အထက(၇)ကျောင်းရှေ့မြေကွက်လပ်တွင် ယာယီရွှေ့ပြောင်းနေထိုင်သော ကျန်းမာရေးဝန်ထမ်းများနှင့် မိသားစုဝင်များအား သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားပြီး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံးချုပ်သို့ သွားရောက်၍ ရုံးအဆောက်အအုံနှင့် ဓာတ်ခွဲခန်းများ၏ အခြေအနေများကို ကြည့်ရှုသည်။ မတ် ၂၈ ရက်တွင်လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ဓာတ်ခွဲခန်းများရှိ မီးလောင်လွယ်သော ဓာတ်ငွေ့များယိုစိမ့်မှုဖြစ်ပွားခဲ့သည့်အတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ အကူအညီဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့သည်။

ယနေ့တွင် အဆိုပါမီးလောင်လွယ်သော ဓာတုပစ္စည်းများကို အန္တရာယ်ကင်းစေရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ အကူအညီဖြင့် ကျင်းတူး၍ မြှုပ်နှံခြင်း ဆောင်ရွက်နေမှုကို အားပေးကြည့်ရှုပြီး မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးရဲတင့် တောင်ကြီးမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် လူထုအခြေပြုဗဟိုဌာန အဆောက်အအုံများ စစ်ဆေး



နေပြည်တော် ဧပြီ ၇

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိ စစ်ဆေးရာ ငလျင်ဒဏ်ကြောင့် ထိခိုက်မှုမရှိကြောင်းတွေ့ရသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားကာ ထပ်ဆင့်လွှင့်စက်ရုံ(တောင်ကြီး) ဇုန်နယ်မှူးနှင့် ဝန်ထမ်းများ၊ ပြည်နယ်အတွင်း ဒေသအချို့မှ တွဲဖက်ထားသော ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပြည်နယ်ရုံးတွင် ပြည်နယ်မှူးနှင့် ဝန်ထမ်းများ၊ ခေတ္တတွဲဖက်ဝန်ထမ်းများ၊ ထပ်ဆင့်လွှင့်စက်ရုံ ဇုန်နယ်မှူး၊ ကိုယ်ပွားသတင်းစာ တိုက်တာဝန်ခံနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ ရုံးနှင့် လူထုအခြေပြုဗဟိုဌာန အဆောက်အအုံများကို စစ်ဆေးပြီး လိုအပ်သည့် ပြင်ဆင်မှုများပြီးစီး၍ အန္တရာယ်ကင်းရှင်းပါက စာကြည့်တိုက်လုပ်ငန်းနှင့် ဖွင့်လှစ်ဆဲ လူငယ်ကျောင်းသား ကျောင်းသူများအတွက် သင်တန်းများ ပြန်လည်ဖွင့်လှစ်ရေး၊ မီးဘေးအန္တရာယ် ဂရုစိုက်ရေးနှင့် နိုင်ငံတော်က စီစဉ်နေသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ပေးအပ်လာမည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးတို့ကို မှာကြားသည်။ ယင်းနောက် ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ရေငန်ငါးများကို သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချ

နေပြည်တော် ဧပြီ ၇

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် အင်အားပြင်းငလျင်ကြောင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အချို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ အဆိုပါငလျင်ဒဏ်ခံစားခဲ့ရသည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ သုခတော်ဝင်အိမ်ရာနှင့် ဝန်ကြီးဌာနများဖြစ်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနများရှိ ငလျင်ဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် ရေဆင်းတက္ကသိုလ်နယ်မြေရှိ ဝန်ထမ်းများအား ရေငန်ငါးများ (ပလာတူး/ ပလာလန်း)ကို တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ယနေ့နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ငါးလုပ်ငန်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများဖြင့် စုစုပေါင်း ငါးပိဿာချိန် ၆၀၀ ကို ရောင်းချပေးခဲ့ကြောင်း သိရသည်။



သတင်းစဉ်

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၉၃၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၇-၄-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၃၀-၃-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၄-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၉၃၁)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC) မှ သတင်း ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## မြေငလျင်ဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများတွင် ကျန်းမာရေးဆိုင်ရာသတိပြုရန်အချက်များ

လတ်တလောဖြစ်ပွားခဲ့သောမြေငလျင်ဘေးအန္တရာယ်ကြောင့် အဆိုပါဒေသတွင် နေထိုင်သူများ၊ ယာယီကယ်ဆယ်ရေးစခန်းများတွင်ခေတ္တလာရောက်နေထိုင်နေသူများနှင့် မိမိတို့၏နေအိမ်ဝန်းကျင် မြေကွက်လပ်၊ အားကစားကွင်း၊ စာသင်ကျောင်း စသည့်နေရာများတွင် ယာယီနေထိုင်လျက်ရှိသူများအနေဖြင့် အောက်ဖော်ပြပါအချက်တို့ကို လိုက်နာဆောင်ရွက်ပါ။ အကယ်၍နေထိုင်မကောင်းဖြစ်ပွားပါက နီးစပ်ရာ ဆေးရုံ/ဆေးခန်းများသို့ အမြန်ဆုံး သွားရောက်ပြသ၍ ဆေးကုသမှု ခံယူပါ။

### (၁) ကူးစက်ရောဂါများနှင့် မြွေအန္တရာယ်ကာကွယ်ပါ၊

**ဝမ်းပျက်ဝမ်းလျှောရောဂါ -**

- ချက်ပြုတ်ပြီး အစားအစာများအား သိမ်းဆည်းသိုလှောင်ထားခြင်းမပြုဘဲ ချက်ချင်း စားသုံးရန်၊
- ရေသန့်စင်ဆေးပြားခတ်ထားသောရေ သို့မဟုတ် FDA အသိအမှတ်ပြု သောက်ရေသန့်ကိုသာသောက်သုံးရန်၊
- အစားအသောက်ပြင်ဆင်ချက်ပြုတ်သုံးစွဲရာတွင် ရေသန့်စင်ဆေးပြား သို့မဟုတ် ကလိုရင်းဆေး (Bleaching Powder) ခတ်ထားသော ရေကိုအသုံးပြု၍ ချက်ပြုတ်ရန်၊
- အစားအသောက်မပြင်ဆင်မီ၊ အစာမစားမီနှင့် အိမ်သာအသုံးပြုပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျလက်ဆေးရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေး သတိပြုရန်၊
- ယာယီနေထိုင်ရာနေရာများတွင် စနစ်တကျဆောက်လုပ်ပေးထားသည့် အိမ်သာများကိုသာ အသုံးပြုရန်၊
- အမှိုက်များကို သတ်မှတ်အမှိုက်ပုံးများတွင်သာ စနစ်တကျစွန့်ပစ်ရန်။

**မျက်စိနာရောဂါ -**

- မျက်မှန်တပ်ရပါက မျက်မှန်ကို မကြာခဏသန့်ရှင်းရေးပြုလုပ်ရန်၊
- မျက်စိနာနေသူ၏ အဝတ်အစား၊ မျက်နှာသုတ်ပဝါ၊ လက်ကိုင်ပဝါ၊ မျက်မှန် စသည့် အသုံးအဆောင် ပစ္စည်းများကို အခြားသူများနှင့်မျှဝေသုံးစွဲခြင်း လုံးဝ မပြုလုပ်ရန်၊ ထိုသူ၏ အဝတ်အစားများကို သီးသန့် လျှော်ဖွပ် သန့်စင်ရန်၊

**အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ခြင်မှတစ်ဆင့်ကူးစက်သောရောဂါများနှင့် မြွေအန္တရာယ် -**

- နှာချေတိုင်း၊ ချောင်းဆိုးတိုင်း ပါးစပ်နှင့် နှာခေါင်းကိုလုံအောင်အုပ်ရန်၊
- မိုးရွာသည့်အချိန် သို့မဟုတ် နံနက်ပိုင်း အအေးပိုလာချိန်တွင် အအေးမိခြင်းမဖြစ်စေရေး သတိပြု ဆောင်ရွက်ရန်၊
- ခြင်ထောင် သို့မဟုတ် ဆေးစိမ်ခြင်ထောင်ဖြင့်သာ အိပ်ရန်၊
- ယာယီတဲများကို မြွေနှင့်အခြားအဆိပ်ရှိသတ္တဝါများ မဝင်ရောက်စေရေး သတိပြုဆောင်ရွက်ရန်။

### (၂) အပူဒဏ်ကာကွယ်ရေး သတိပြုဆောင်ရွက်ပါ၊

- ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက် ကောင်းသောနေရာများတွင်နားနေရန်၊
- အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ရန်၊
- ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ရန်၊
- အရက်သေစာသောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရနိုင်သောကြောင့် ရှောင်ကြဉ်ရန်၊
- ရေနှင့်ဓါတ်ဆားဓါတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓါတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးရန်၊
- မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ရန်။

**ကျန်းမာရေးဝန်ကြီးဌာန (၇-၄-၂၀၂၅)**

# မြေငလျင်လှုပ်ခတ်မှုဖြစ်စဉ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့သည့် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများတွင် သွားလာမှုလွယ်ကူချောမွေ့စေရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ

**နေပြည်တော် မေ ၇**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးငလျင်ဒဏ်ကြောင့် အခက်အခဲကြုံတွေ့နေရသည့် ပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့စေရေးအတွက် လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍတို့မှ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများကို နေ့စဉ်သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

**ကူညီဆောင်ရွက်ပေး**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ရေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ မန္တလေးနှင့် စစ်ကိုင်းမြို့အကြား လူနှင့်ကုန်စည်စီးဆင်းမှုများ ပုံမှန်လည်ပတ်နိုင်စေရေးအတွက် မန္တလေး (ရွှေကြက်ယက်)ဆိပ်ကမ်းနှင့် စစ်ကိုင်းဆိပ်ကမ်းတို့အကြား ကုန်တင်ကားကြီးများ မြစ်ကူးပို့ဆောင်ခြင်းကို ပုဂ္ဂလိကပိုင် ရေယာဉ်၊ တွဲရေယာဉ်များဖြင့် မတ် ၃၀ ရက်မှ မေ ၆ ရက်အထိ အခမဲ့ဖြင့် ကုန်တင်ယာဉ် ၉၀၂ စီး၊ လူစီးမော်တော်ယာဉ် ၅၅၁ စီးတို့ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။ မေ ၇ ရက်မှစ၍ ကယ်ဆယ်ရေးပစ္စည်းသယ်ယူပို့ဆောင်သည့် ကုန်တင်ယာဉ်များအား အခမဲ့ဖြင့် ဆက်လက်ပို့ဆောင်ပေးလျက်ရှိပြီး ကျန်ပုဂ္ဂလိကကုန်တင်ယာဉ်များကို သတ်မှတ်နှုန်းထားဖြင့် ကောက်ခံပြေးဆွဲနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး ရောဝတီမြစ်ကူးတံတား ရတနာပုံနှင့် အင်းဝတံတားတို့ပေါ်မှ သွားလာမှုအခက်အခဲ ဖြစ်ပေါ်နေမှုကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်။

အလားတူ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ လိုအပ်သည့် ကယ်ဆယ်ရေးပစ္စည်းများ၊ ရိက္ခာနှင့်ဆေးဝါးများ၊ ကယ်ဆယ်ရေးအဖွဲ့များ လာရောက်ပို့ဆောင်ပေးမည့် နိုင်ငံတကာမှ ကယ်ဆယ်ရေးလေယာဉ်များသည် ရန်ကုန်အပြည်ပြည်ဆိုင်လေဆိပ်၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ မတ် ၂၉ ရက်မှစတင်၍ နေ့စဉ်ဆင်းသက်လျက်ရှိရာ ယနေ့အထိ စုစုပေါင်း လေယာဉ် ၉၂ စင်း ဆင်းသက်ခဲ့ပြီး ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၁၅၁၈ ဒသမ ၂၈၉ တန် ရောက်ရှိပြီးဖြစ်ပါသည်။ အဆိုပါ ပြည်ပမှ လာရောက်သည့် ကယ်ဆယ်ရေးလေယာဉ်များအတွက် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများကို လူအင်အား စက်ယန္တရားအင်အားဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာအမျိုးသားလေကြောင်းကလည်းကောင်း၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရွှေ့ဆောင်လေဆိပ်ဝန်ဆောင်မှုကုမ္ပဏီကလည်းကောင်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် MC– Jalux Airport Services ကုမ္ပဏီကလည်းကောင်း အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အဆိုပါမန္တလေးနှင့် နေပြည်တော်လေဆိပ်များအား လိုအပ်သည့် ပြုပြင်မွမ်းမံမှုများကို ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းလေယာဉ်ခရီးစဉ်များကို မေ ၄ ရက်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌လည်းကောင်း၊ မေ ၅ ရက်တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌လည်းကောင်း ပြန်လည်ဆင်းသက်ခွင့်ပြုခဲ့သည့်အတွက် မြန်မာအမျိုးသားလေကြောင်း၊ မန်းရတနာပုံလေကြောင်း၊ မင်္ဂလာလေကြောင်း၊ အဲယားသံလွင်လေကြောင်းလိုင်းတို့မှ ခရီးစဉ်များ ပုံမှန်ပျံသန်းပေးလျက်ရှိရာ လေးရက်တာကာလအတွင်း လေယာဉ်ခရီးစဉ် ခေါက်ရေ ၅၀ ပြေးဆွဲပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## မန္တလေးမြို့ ငလျင်ဘေးဒဏ်သင့်သူများအား ကူညီကယ်ဆယ်ရန် INDIA AIR FORCE မှ ထောက်ပံ့ပစ္စည်းများ လာရောက်ပို့ဆောင်

**နေပြည်တော် မေ ၇**

မန္တလေးမြို့ ငလျင်ဘေးဒဏ်သင့်သူများအား ကူညီကယ်ဆယ်ရန် ရန်ကုန်မြို့အခြေစိုက် အိန္ဒိယသံရုံး အစီအစဉ်ဖြင့် INDIA AIR FORCE မှ ငလျင်ဘေးသင့်ပြည်သူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ထောက်ပံ့ရေးပစ္စည်း ၂၉ ဒသမ ၂၅ တန် တင်ဆောင်၍ အိန္ဒိယနိုင်ငံ GHAZIABAD HINDAN လေဆိပ်မှ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ရောက်ရှိသည်။

အဆိုပါ လေယာဉ်ဖြင့် 5KVA မီးစက် သုံးလုံး၊ ရေသန့်စက် ခုနစ်လုံး၊ ဆန်အိတ် ၈၅ အိတ်၊ ဆေး၊ ရေသန့်ဘူးကြီး ၂၀ လီတာဘူး၂၀၀၊ ခေါက်ဆွဲခြောက်၊ Special EQPT ၁၇ ခု၊ အာလူး၊ ကြက်သွန်၊ ဂေါ်ဖီ၊ ဂျုံမှုန့် စုစုပေါင်း ၂၉ ဒသမ ၂၅ တန်တို့အား သယ်ဆောင်ရောက်ရှိလာခဲ့ရာ အဆိုပါပစ္စည်းများအား အိန္ဒိယစစ်သံမှူး Colonel Jaswinder Singh Gillနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဦးစီးမှူး ဗိုလ်မှူးကြီးကျော်ထွန်း၊ လူမှုဝန်ထမ်းဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးသက်လှိုင်ထွန်းတို့က လက်ခံဆောင်ရွက်ခဲ့ကြသည်။

သတင်းစဉ်

## မန္တလေးမြို့ ငလျင်ဘေးဒဏ်သင့်သူများအား ကူညီကယ်ဆယ်ရန် ရုရှားနိုင်ငံမှ ထောက်ပံ့ပစ္စည်းများ လာရောက်ပို့ဆောင်

**နေပြည်တော် မေ ၇**

မန္တလေးမြို့ရှိ ငလျင်ဘေးဒဏ်သင့်သူများအား ကူညီကယ်ဆယ်ရန် မေ ၆ ရက်တွင် Fedral State Budget Institution “Aviation Rescue Company of EMERCOM of Russia” မှ လေယာဉ်အမျိုးအစား IL–76 RA No76429 ခရီးစဉ် အမှတ်၊ SUM 9123 ဖြင့် လေယာဉ်မှူး ရုရှားနိုင်ငံသား Mr. MARKOV ALEKSANDAR (PP NO 55 1345753)ပါ လေယာဉ်အမှုထမ်း ၁၁ ဦး လိုက်ပါမောင်းနှင်လျက် ခရီးသည်သုံးဦး လိုက်ပါလာသည်။ အဆိုပါလေယာဉ်ဖြင့် ၁၀ ဦးဆံ့ နွေရာသီတဲ ၁၅၀ (၁၇ ဒသမ ၂၅ တန်)၊ ပလတ်စတစ်စ ၁၂ ဒသမ ၂၄၉ တန်၊ 10 kg မီးစက် ၂၇ လုံး (၄ ဒသမ ၀၀၅) တန်၊ အထွေထွေသုံးပစ္စည်း သုညဒသမ ၅၃၉ တန် စုစုပေါင်း ၃၄ ဒသမ ၀၄၃ တန် ပါရှိလာကြောင်းနှင့် အဆိုပါအဖွဲ့အား အရေးပေါ်တုံ့ပြန်ကူညီရေးအဖွဲ့ (နိုင်ငံတကာ) ရုရှား အရေးပေါ်ကူညီရေးဝန်ကြီးဌာန၏ ဒုတိယအကြီးအကဲ Alexander Kivosheya နှင့် တိုင်းဥပဒေချုပ် ဦးမြင့်အောင်တို့က ကြိုဆိုလက်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## မလေးရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများရောက်ရှိ



မလေးရှားနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရောက်ရှိစဉ်။



ဘယ်လာရုစ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရောက်ရှိစဉ်။

**နေပြည်တော် မေ ၇**

နိုင်ငံတော်အစိုးရ အနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ သက်ဆိုင်ရာနိုင်ငံများအလိုက် ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက်ရောက်ရှိကြသည်။

**စုစုပေါင်းအလေးချိန် ကီလိုဂရမ် ၁၅၂၅၀ တင်ဆောင်**

ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်အချိန် မလေးရှားနိုင်ငံမှကယ်ဆယ်ရေးအဖွဲ့ဝင် WAN ZAINAL ABIDN BIN WAN YAACOB ပါ ၁၃ ဦးနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ စောင်များနှင့် စားသောက်ဖွယ်ရာများ ၁၀၈၈၈ ကီလိုဂရမ်တင်ဆောင်၍ မလေးရှားနိုင်ငံ၊ Kuala Lumpur Subang Air–portမှ နေပြည်တော်(တပ်မတော်) လေဆိပ်သို့လည်းကောင်း၊ နံနက် ၈ နာရီ ၃၄ မိနစ်တွင် မလေးရှားနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင် MOHD HAFIFI HAFIDZ BIN ABD RAZAK ပါ ၁၃ ဦးနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ စောင်များနှင့် စားသောက်ဖွယ်ရာများ၊ မီးဖိုချောင်သုံးပစ္စည်းများ အလေးချိန် ၈၂၁၂ ကီလိုဂရမ် တင်ဆောင်၍ မလေးရှားနိုင်ငံ၊ Kuala Lumpur Subang Air–port မှ နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် MAI လေကြောင်းလိုင်းဖြင့် ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း အလေးချိန် ကီလိုဂရမ် ၁၅၂၅၀ တင်ဆောင်၍ မလေးရှားနိုင်ငံ KUALA LUMPUR INTERNA–TIONAL AIRPORT မှ နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ရောက်ရှိလာပြီး ၎င်းပစ္စည်းများအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်တင်လေးက လွှဲပြောင်းလက်ခံခဲ့ကြောင်း သိရသည်။

ယင်းနောက် ညနေ ၆ နာရီ မိနစ် ၅၀ တွင် ဘယ်လာရုစ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ဖြစ်သည့် ဆေးဝါးနှင့် တဲများပါဝင်သည့် ကီလိုဂရမ် ၁၉၄၀၀ သယ်ဆောင်၍ Ministry of Emer–gency Situation ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဟူဒါလျက်ဗ် အလက်ဇန်းဒါ ဦးဆောင်သည့်အဖွဲ့သည် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိလာရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ကိုယ်စား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။

သတင်းစဉ်

## လျှင်ဒဏ်သင့်ဒေသများ၌ မီးသတ်ဦးစီးဌာနမှ ရေကားများကူညီပေးမှုအတွက် ငွေတောင်းခံခြင်းမရှိ၊ ငွေတောင်းခံပါက တိုင်ကြားနိုင်

**နေပြည်တော် မေ ၇**

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများရှိခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်း လျှပ်စစ်မီးလိုင်းများ၊ ဆက်သွယ်ရေးစခန်းများ အလျင်အမြန် ပြင်ဆင်ပြီးစီးခဲ့သော်လည်း ရေပိုက်လိုင်းများ ချွတ်ယွင်းပျက်စီးမှုကြောင့် ပြင်ဆင်နေဆဲဖြစ်ရာ ရေပေးဝေရေးလုပ်ငန်းများ မလုပ်ကိုင်နိုင်သေးသည့်အတွက် အိမ်ရာများတွင် ရေအခက်အခဲများရှိနေရာ မီးသတ်ကားများကို အကူအညီတောင်းခံ၍ ရေရရှိရေး ဆောင်ရွက်ရသည်။

**တိုင်ကြားနိုင်**

သို့ရာတွင် မီးသတ်ရေကားတစ်စီးလျှင် ငွေကျပ်တစ်သိန်းမှ တစ်သိန်းခွဲအထိ ပေးရကြောင်း အွန်လိုင်းတွင် သတင်းများထွက်ပေါ်လာသည့်အတွက် နေပြည်တော် မီးသတ်ဦးစီးဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူးတစ်ဦးအား မြန်မာ့သတင်းစဉ်က ဆက်သွယ်မေးမြန်းရာ “ကျွန်တော်တို့ဆီ ရေကားတောင်းခံလာတာနဲ့ ကျွန်တော်တို့က စနစ်တကျမှတ်ပုံတင်ပြီး ရေကားစေလွှတ်ကူညီပေးပါတယ်။ လူတစ်ဦးချင်း တောင်းခံတာကို မှတ်ပုံတင်ထားတာရှိပါတယ်။ ငွေတောင်းခံတာ မရှိပါဘူး။ တကယ်လို့ တောင်းခံတယ်ဆိုရင် ကျွန်တော်တို့ဆီ တိုင်ကြားနိုင်ပါတယ်။ အခုအချိန်အထိ တိုင်ကြားခြင်းမရှိသေးပါဘူး။ နေပြည်တော်မှာ ကျွန်တော်တို့ကားတွေနဲ့တူတဲ့ အခြားသော ဌာနပိုင်ကားတွေလည်း ရှိပါတယ်။ အဲဒီကားတွေနဲ့မှားပြီး ထင်ယောင်ထင်မှား ပြောတာလားလို့ တွေးမိပါတယ်။ အဲဒီကားတွေက ရေပေးဖို့သွားရင်းနားမလည်တော့ တစ်ခါတစ်ရံမှာ ဥပြဲဆွဲပြီးတောင် လမ်းတောင်းသွားလာနေတာ တွေ့ရလို့ တိုင်ကြားထားပါတယ်။ သူတို့အနေနဲ့လည်း တောင်းခံတယ်လို့ ကျွန်တော်တော့ မကြားမိပါဘူး။ တကယ်လို့ ကျွန်တော်တို့ မီးသတ်ဦးစီးဌာနပိုင် ရေကားတွေက ရေကားနဲ့ရေပို့ပေးလို့ ငွေတောင်းခံတာတွေ့ရင် တိုင်ကြားနိုင်ပါတယ်လို့ ပြောလိုပါတယ်”ဟု ပြောကြားသည်။

**ကူညီဆောင်ရွက်မည်**

အလားတူ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး တို့အပါအဝင် ငလျင်ဒဏ်ကြောင့် ရေအခက်အခဲဖြစ်ပေါ်ပါက မီးသတ်ဦးစီးဌာနများသို့ အကူအညီတောင်းခံနိုင်ကြောင်း၊ မိမိတို့၏ အဓိကတာဝန်ဖြစ်သော မီးလောင်ပါက ငြိမ်းသတ်ရန် အသင့်အနေအထားဖြင့် အသင့်စုဖွဲ့ထားသောကားများကို သီးခြားထားရှိပြီး ငလျင်ဒဏ်မသင့်သော တိုင်းဒေသကြီး / ပြည်နယ်များမှ ရေကားများကို တောင်းခံဖြန့်ခွဲပေးထားရာ အဆိုပါကားများဖြင့် ရေပေးဝေရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့က လှည့်ကင်းများ၊ ကင်းပုန်းများဖြင့် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ လုယက်မှု၊ ခါးပြတိုက်မှုများ ဖြစ်ပေါ်ပါက နီးစပ်ရာစခန်းများသို့ တိုင်ကြားနိုင်

**နေပြည်တော် မေ ၇**

၂၈-၃-၂၀၂၅ ရက်နေ့က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် ပျက်စီးမှုများရှိခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်း နံနက်တစ်ချိန်၊ နေ့လယ်တစ်ချိန်နှင့် ညပိုင်းတစ်ချိန် တို့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က လှည့်ကင်းများ ဆောင်ရွက်ခြင်း၊ ကင်းပုန်းများချထားခြင်းများ ဆောင်ရွက်၍ လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လူမှုကွန်ရက်အချို့တွင် နေပြည်တော်ရှိအိမ်ရာအချို့နှင့် အပျိုဆောင်အချို့၌ လုယက်မှုများဖြစ်ပေါ်ကြောင်း သတင်းများဖော်ပြသည်ကို တွေ့ရသည်။ သို့ဖြစ်၍ မြန်မာ့သတင်းစဉ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးကြီးတစ်ဦးအား လုယက်မှုသတင်းများ မှန်ကန်မှု ရှိ/ မရှိ၊ ကြားသိခြင်း ရှိ/မရှိ မေးမြန်းရာ ၎င်းက “အခုအချိန်ထိ ကျွန်တော်တို့ စခန်းတွေမှာ လာရောက်တိုင်ကြားခြင်း မရှိသေးပါဘူး။ ဒါကြောင့် ဒါက ကောလာဟလလို့ ယူဆပါတယ်။ ကျွန်တော်တို့က နေ့/ ည ကင်းတွေမပြတ် လှည့်လည်ပြီး လုံခြုံရေးဆောင်ရွက်ပေးနေပါတယ်။ လုယက်မှုတွေ ကျူးလွန်ခံရရင် တိုင်ကြားနိုင်ဖို့ ကျွန် တော်တို့ ဖုန်းနံပါတ်တွေ ထုတ်ပြန်ပေးဖို့အစီအစဉ်ရှိပါတယ်။ ကျွန်တော်တို့ သွားစစ်တာ တွေ့ရတာက တုတ် / ဓား လက်နက်အချို့ကိုင်ပြီး တိုက်တွေမှာ စောင့်နေတာက ကိုယ့်ဝန်ထမ်းတွေ၊ မိသားစုဝင်တွေဖြစ်ပါတယ်။ သူတို့က မသယ်ယူရသေးတဲ့ ပစ္စည်းတွေရှိနေသေးတော့ အစုအဖွဲ့အလိုက် ကင်းစောင့်နေကြတာပါ။ သူတို့ဆီကလည်း ထူးထူးခြားခြား တိုင်ကြားတာမရှိပါဘူး။ ရဲစခန်းကို တိုက်ရိုက်တိုင်ကြားနိုင်သလို ဖုန်းနဲ့လည်း ဆက်သွယ်တိုင်ကြားနိုင်ပါတယ်။ ဖုန်းနံပါတ်တွေ ထုတ်ပြန်ပေးသွားပါမယ်”ဟု ဖြေကြားသည်။

ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးမောင်သင့်က “ကျွန်တော်ကြားသိသလောက်တော့ လူမရှိတဲ့တိုက်အချို့မှာ ညဘက်တွေ ပစ္စည်းတွေတင်ပြီး မောင်းသွားရင် ဒါက သူခိုးတွေ ဖြစ်ဖို့များပါတယ်။ ကျွန်တော်တို့ ဝန်ထမ်းတွေက ကိုယ့်ပစ္စည်းကိုယ်သယ်ယူရွှေ့ပြောင်းရင်နေ့ဘက်ပဲ သယ်ယူရွှေ့ပြောင်းတာပါ။ ညဘက်တော့မရွှေ့ပြောင်းကြပါဘူး။ ဒါကြောင့် ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ညသန်းခေါင်ယံလောက်တစ်ချိန် ကင်းလှည့်ပေးစေချင်ပါတယ်။ အဲဒီမှာ တွေ့လို့ စစ်ဆေးမေးမြန်းကြည့်ရင် သူခိုးတွေကို ဖမ်းမိနိုင်မယ်လို့ အကြံပြုလိုပါတယ်”ဟု ပြောသည်။

တာဝန်ရှိသူများက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ငလျင်ဒဏ်သင့်ဒေသများ၌ လုယက်မှုများ၊ ခါးပြတိုက်မှုများ ဖြစ်ပေါ်ပါက နီးစပ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများသို့ တိုင်ကြားနိုင်ကြောင်းနှင့် မကြာမီတိုင်ကြားနိုင်သော ဖုန်းနံပါတ်များကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၇**

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီ ကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေး အသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ မဟာစေတီကြီးဘုရားနှင့် အရန်စေတီတော်များ၊ သာသနိကအဆောက်အအုံများ၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အပျက်အစီးများစုပေါင်း ရှင်းလင်းဖယ်ရှားနေမှုများကိုကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးပြီး စေတီတော်ကြီး၏ ဩဝါဒါစရိယဆရာတော်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ပြိုကျပျက်စီးခဲ့သည့် စေတီတော်ကြီးနှင့် အရန်စေတီတော်များ၊ သာသနိကအဆောက်အအုံများအား ပြန်လည်ဖယ်ရှား ရှင်းလင်းရေးတို့နှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် ငလျင်လှုပ်ခတ်မှုကြောင့် ဧရာဝတီမြစ်ကူးတံတား (ရတနာပုံ)တံတားကြီးအား ကြံ့ခိုင်မှုများ စစ်ဆေးနေစဉ်ကာလအတွင်း ဖြတ်သန်းသွားလာမှု အဆင်ပြေစေရန် ဆောင်ရွက်ပြီးစီးမှုများ၊ စစ်ကိုင်းမြို့ သစ်ဆိပ်မြစ်ကမ်းမှ မန္တလေးမြို့ ရွှေကြက်ကျမြစ်ကမ်းသို့ ဇက်ကူးတို့ဖြင့် ဖြတ်သန်းမှုများ၊ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ သစ္စာစေတီ၊ ပန်းဘဲတန်းရပ်ကွက်ရှိ ရတနာဆင်များရှင်စေတီ၊ ပိုးတန်းရပ်ကွက်ရှိ ထူပါရုံစေတီများနှင့် သာသနိက အဆောက်အအုံများ၊ အရန်စေတီများ၊ စစ်ကိုင်းခရိုင်မီးသတ်ဦးစီးဌာနရုံး၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် စစ်ကိုင်းမြို့ပေါ်ရှိ လူနေအိမ်တိုက်တာများအား ပြန်လည်ရှင်းလင်းဖယ်ရှား နေမှုများကိုလည်းကောင်း၊ စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဘေး ဒဏ်သင့်ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာနရုံးတို့မှ ဧရာဝတီမြစ်ရေကိုသန့်စင်၍ သောက်သုံးရေ ဖြန့်ဝေပေး နေမှုများကိုလည်းကောင်း ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မိတ္ထီလာမြို့ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော နှစ်ထပ်လူနာဆောင်အားကြည့်ရှု၍ အပျက်အစီးများရှင်းလင်းပြီး အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ငလျင်ဒဏ်ကြောင့် ကန်ပေါင် မြေနိမ့်ကျနေသည့် မိတ္ထီလာကန်ပေါင်၌ ပြုပြင်ဆောင်ရွက် နေမှုများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ အားကစားကွင်း၌ လာအိုနိုင်ငံမှ ဆေးအကူအညီပေးရေးအဖွဲ့၏ ဆေးကုသပေးနေမှုများကို လည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ကျောက်ဆည်မြို့ နည်းပညာတက္ကသိုလ်၊ Bright Kids မူကြိုကျောင်း၊ ရွှေမုဋ္ဌောဘုရား၊ ကျောက်ဆည် တက္ကသိုလ်နှင့် ကျောက်ဆည်မြို့တွင်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသည့် အဆောက်အအုံများတွင် အပျက်အစီးများ ရှင်းလင်းဖယ်ရှားပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော မန္တလေးမြို့ နန်းမြို့ရိုးပတ်လည်၊ နန်းမြို့ရိုးအတွင်းရှိ ဗဟိုစင်နှင့် စွယ်တော်စင်နေရာ၊ Sky Villa ၊ မန္တလေးတက္ကသိုလ်၊ ဂရိတ်ဝေါဟိုတယ်၊ ဦးလှသိန်းဗိမာန်၊ မစိုးရိမ်တိုက်သစ်နေရာများနှင့် မန္တလေးမြို့ပတ်လမ်းတို့၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နေမှုများနှင့် ရှင်းလင်းပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အပြင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့ရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စစ်မှုထမ်းဟောင်းအိမ်ရာများနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများ၌လည်းကောင်း ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေး လုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့အပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင် ပြည်သူများကလည်း ငလျင်ဒဏ်သင့် ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများ စားသောက်ရေး အဆင်ပြေစေရေးအတွက် စားသောက်ဖွယ်ရာများ၊သောက်ရေသန့်များ၊ သောက်သုံးရေများ၊ အသုံးအဆောင် ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကိုလည်း ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ယာယီတဲအလုံး ၂၁၀ တည်ဆောက်ထားရှိပါတယ်။ နေထိုင်တဲ့ အိမ်ထောင်စုကတော့ ၁၀၇ စုရှိပြီး လူဦးရေ ၅၇၀ ကျော် ရှိပါတယ်။

ဦးကြည်ဝင်း

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးကိစ္စရပ်များ အဆင်ပြေစေရန် အားကစားကွင်းများနှင့် ကွင်းပြင်ကျယ်များ၌ ယာယီရွက်ဖျင်တဲများ စီစဉ်ဆောင်ရွက်ပေးထားမှုအခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ရပါသည်။





ဦးကြည်ဝင်း



ဦးအာကာဖြိုး



ဦးသောင်းညွန့်



ဦးသန့်ဇင်ဦး

**ဦးကြည်ဝင်း**
**သုခသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်**
**ရပ်ကွက်အုပ်ချုပ်ရေးမှူး**

သုခသိဒ္ဓိရပ်ကွက် အတွင်းမှာ တည်ဆောက်ပေးထားတဲ့ ယာယီတဲတွေကတော့ နေပြည်တော်ကောင်စီရဲ့ စီစဉ်ပေးမှုနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူ ဆောက်လုပ်ပေးထားတာဖြစ်ပါတယ်။ ယာယီတဲအလုံး၂၁၀ တည်ဆောက်ထားရှိပါတယ်။ ဒီမှာနေထိုင်တဲ့ အိမ်ထောင်စုကတော့ ၁၀၇ စုရှိပြီး လူဦးရေ ၅၇၀ ကျော် ရှိပါတယ်။ ဒီမှာ နေထိုင်သူတွေကတော့ ဝန်ထမ်းတွေများပါတယ်။ စားရေးသောက်ရေးကတော့ စေတနာရှင်ပြည်သူများ လာရောက်လှူဒါန်းတာတွေနဲ့ လက်ရှိအဆင်ပြေနေပါတယ်။ ဒီနေ့ဆိုရင် ရန်ကုန်တိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတို့က အလှူရှင်တွေ လာရောက်လှူဒါန်းကြပါတယ်။ သုံးရေကတော့ ဘေးဘယ်ညာမှာ ယာယီရေကန်တွေ ဆောက်လုပ်ထားပြီး သောက်သုံးရေအတွက် ရေသန့်စက်တွေကို နေပြည်တော်စည်ပင်သာယာရေးကော်မတီက စီစဉ်ထားရှိပေးပါတယ်။ လျှပ်စစ်မီးကတော့ ဆိုလာမီးနဲ့ပဲ ယာယီတဲတစ်လုံးကို မီးလုံးနှစ်လုံးစီထားရှိ ပေးထားပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့ ပူးပေါင်းပြီး လျှပ်စစ်မီးတိုင် စိုက်ထူတာတွေ၊ လျှပ်စစ်ဓာတ်ကြိုး သွယ်တန်းတာတွေ လုပ်နေပြီဖြစ်ပါတယ်။

**ဦးအာကာဖြိုး**
**ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂**
**ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီး**

ကျွန်တော်ကတော့ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားချက်အရ ကျန်းမာရေးမှူး တစ်ယောက်ဦးစီးတဲ့အဖွဲ့နဲ့ Medical Cover ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ လက်ရှိဆောင်ရွက်နေတာကတော့ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေ၊ မိလ္လာ၊ အမှိုက်တွေနဲ့ပတ်သက်ပြီးတော့ သန့်ရှင်းမှုရှိအောင် ဆောင်ရွက်ပေးပါတယ်။ ယာယီရေကန်တွေမှာ မနက်တစ်ကြိမ် ညနေတစ်ကြိမ် ပိုးသတ်ဆေးခတ်ပေးပါတယ်။ ကျွန်တော်တို့အဖွဲ့က ၂၄ နာရီလုံး ဒီမှာနေထိုင်ပြီးတော့ ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**ဦးသောင်းညွန့်(အငြိမ်းစား ဝန်ထမ်း)ကျန်မာရေးဝန်ကြီးဌာန**
**ခနသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်**

ဒီခနသိဒ္ဓိ အားကစားကွင်းမှာ အိမ်ထောင်စုပေါင်း ၃၈ စု ရှိပါတယ်။ လူဦးရေကတော့ ၁၂၀ ကျော် ရှိပါတယ်။ ယာယီတဲတွေကတော့ ကျန်းမာရေး ဝန်ကြီးဌာနက ထောက်ပံ့ပေးထားပါတယ်။ အခုယာယီတဲမှာ နေထိုင်ကြတာကတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနတို့က ဝန်ထမ်းတွေနဲ့ ဝန်ထမ်းမိသားစုတွေ နေထိုင်ကြပါတယ်။ နောက်ထပ်လည်း လာရောက်မယ့်သူတွေလည်း ရှိပါတယ်။ စားသောက်ရေးနဲ့ ပတ်သက်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနက နေ့လယ်စာနဲ့ ညစာတို့ကို လာရောက် ထောက်ပံ့ပေးပါတယ်။ သောက်ရေသုံးရေအတွက်ကတော့ စေတနာရှင်ပြည်သူတွေက ရေသန့်ဘူးတွေ လာရောက်လှူဒါန်းကြပါတယ်။ လုံခြုံရေးအတွက်ကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆောင်ရွက်ပေးပါတယ်။ ကျန်းမာရေးကိစ္စအတွက်ကတော့ ကျန်းမာရေးဝန်ကြီးဌာနက ရွှေ့လျားဆေးကုသယာဉ်တွေနဲ့ နေ့စဉ်လာရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်။

**ဦးသန့်ဇင်ဦး (အငယ်တန်းစာရေး)**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဇမ္ဗူသီရိမြို့နယ်**

ဒီMICC -2 အနောက်ဘက်ကကွင်းထဲမှာတော့ ယာယီတဲအလုံး ၁၄၀ ဆောက်လုပ် ပြီးသွားပါပြီ။ ယာယီတဲတွေကတော့ နေပြည်တော်ကောင်စီက ဆောက်လုပ်ပေးတာဖြစ်ပါတယ်။ မေ ၄ ရက်ကတည်းက လာရောက်နေထိုင်ကြတာဖြစ်ပါတယ်။ အိမ်ထောင်စုကတော့ ၁၀၂ စု ရှိပါတယ်။ လူဦးရေကတော့ ၃၅၇ ဦးရှိပါတယ်။ ဒီမှာ လိုအပ်တာတွေကိုတော့ ကျန်းမာရေးဝန်ကြီးဌာနက ဆေးအဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့နဲ့ နေပြည်တော်စည်ပင်သာယာရေးကော်မတီအဖွဲ့တို့က ပူးပေါင်းလုပ်ဆောင်နေကြပါတယ်။

**သတင်း- ကျော်စွာအောင်**
**ဓာတ်ပုံ- အေးသန်း**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆား စသည့် ကုန်မျိုးစုံများအား သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ




နေပြည်တော် မေ ၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ဈေးကား ခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးကြောင်း သိရသည်။

မတ် ၃၀ ရက်မှ ယနေ့အထိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ခနသိဒ္ဓိ ရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန် ခြောက်ပြည်ဆံ့ (မနောသုခ-Export Quality) ၇၀၇၅ အိတ်၊ ဆန် ငါးပြည်ဆံ့ (ဖျာပုံပေါ်ဆန်း) အိတ် ၁၄၂၀၊ ဆီ ပိဿာ ၁၃၈၅၀၊ ဆား ၅၀ ကျပ်သားပါအိတ် ၁၇၀၀၊ ဆား ၂၅ ကျပ်သားပါ ၂၈၇၁ အိတ်၊ ငါးပိ ၂၀ ကျပ်သားပါဘူး ၁၀၄၀၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၃၆၅၀၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည် ဖြစ်သည်။

အလားတူမန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့ (မနောသုခ) ၂၄၄ အိတ်၊ စားအုန်းဆီ ပိဿာ ၁၇၆၀၀၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့ (ရွှေဝါထွန်း) ၁၈၈ အိတ်၊ စားအုန်းဆီ ပိဿာ ၂၇၅၀၊ ကြက်ဥ အလုံး ၄၃၆၀၊ ကြက်သွန်နီ ပိဿာ ၄၅၀၊ အသားတု ကိုးပိဿာတို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများပူးပေါင်းအဖွဲ့ ထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဧပြီ ၇**

အစွန်းရောက် အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များကို ငွေကြေးထောက်ပံ့ကာ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုများဖြင့် အများပြည်သူသွားလာအသုံးပြုသော လမ်းမကြီးများ၊ ရထားလမ်းများ၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများနှင့် လူနေအိမ်များအား ဖောက်ခွဲရေးပစ္စည်းကိရိယာများအသုံးပြု၍ မိုင်းထောင်ဖောက်ခွဲခြင်း၊ အဝေးမှ ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည်။

**ဒဏ်ရာများ ရရှိခဲ့**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဧပြီ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးတိုက်နယ်ဆေးရုံသို့ မိုင်းပေါက်ကွဲစထိမှန်ဒဏ်ရာများဖြင့် အမျိုးသားတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ထန်းတပင်မြို့နယ် ဇရပ်ကြီးကျေးရွာနေ ဦးကျော်ဇင်ထွန်း (၃၈)နှစ်သည်၎င်း၏နေအိမ်မှ ဘုမ္မတီကျေးရွာအနီးရှိ ဒေသအခေါ် ဘုမ္မတီးချောင်း၌ ငါးများရန် သွားရောက်စဉ် ချောင်းအနီးအရောက် KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ ထောင်ထားသည့် နင်းမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့သဖြင့် ၎င်းတွင် မိုင်းပေါက်ကွဲစထိမှန် ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အများပြည်သူ ထိခိုက်စေရန် ရည်ရွယ်၍ မိုင်းထောင်ခဲ့သူ အကြမ်းဖက် အဖျက်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများပူးပေါင်းအဖွဲ့ ထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာ ရရှိမှု မှတ်တမ်းဓာတ်ပုံ။

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ရာဇဝင်တွင်တဲ့ PDF တို့ရဲ့ယုတ်မာမှု”** ခေါင်းစဉ်ဖြင့် ဧပြီ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“သဘာဝဘေးကြောင့် စားဝတ်နေရေးကစလို့ အရာအားလုံးခက်ခဲနေချိန်မှာ ဖောက်ခွဲဖျက်ဆီးရေးတွေကို လုပ်နိုင်သေးတဲ့ အကြမ်းဖက်သမားတွေရဲ့ စိတ်ယုတ်မာများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦး သေဆုံး

**နေပြည်တော် ဧပြီ ၇**

လက်နက်ကိုင် အစွန်းရောက်အကြမ်းဖက်သမားများအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့နယ်အချို့တွင် အပြစ်မဲ့အရပ်သားပြည်သူများအားပြည်သူလူထုအတွင်း အကြောက်တရားများ လွှမ်းမိုးစေရန်လည်းကောင်း၊ ၎င်းတို့နှင့် အမြင်အယူအဆမတူသူ အရပ်သားပြည်သူများအား “သူလျှို၊ ဒလန်၊ သတင်းပေး”ဟု စွပ်စွဲ၍လည်းကောင်း၊ “ငါနှင့် မတူ၊ ငါ့ရန်သူ” ဟူသည့် တစ်ဖက်သတ် အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ ဓား၊ သေနတ်များ အသုံးပြု၍ ရက်စက်စွာလုပ်ကြံတိုက်ခိုက်၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဧပြီ ၆ ရက် မွန်းလွဲ ၃ နာရီ ၅၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့ ကျည်ထိမှန်ဒဏ်ရာများဖြင့် သေဆုံးနေသည့် အမျိုးသားတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဆိပ်ဖြူမြို့နယ် ချင်တောင်ကျေးရွာနေ ဦးမန်း(ခ) မန်းရင် (၆၉) နှစ်သည် ၎င်း၏နေအိမ်၌ ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားလေးဦး (စိစစ်ဆဲ)က ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်သွားခဲ့သဖြင့် ဦးမန်း(ခ)မန်းရင်တွင် ကျည်ထိမှန်ဒဏ်ရာများ ရရှိကာ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့ အရပ်သားပြည်သူများအား “ငါနှင့်မတူ၊ ငါ့ရန်သူ” ဟူသည့် တစ်ဖက်သတ် အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်မှု ကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦး သေဆုံးမှုမှတ်တမ်းဓာတ်ပုံ။

# မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဧပြီ ၇**

လက်နက်ကိုင် အစွန်းရောက်အကြမ်းဖက်သမားများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့တွင် အပြစ်မဲ့အရပ်သားပြည်သူများအား ပြည်သူလူထုအတွင်း အကြောက်တရားများ လွှမ်းမိုးစေရန်လည်းကောင်း၊ ၎င်းတို့နှင့် အမြင်အယူအဆ မတူသူ အရပ်သားပြည်သူများအား “သူလျှို၊ ဒလန်၊ သတင်းပေး”ဟုစွပ်စွဲ၍လည်းကောင်း၊ “ငါနှင့် မတူ၊ ငါ့ရန်သူ”ဟူသည့် တစ်ဖက်သတ်အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ ဓား၊ သေနတ်များ အသုံးပြု၍ ရက်စက်စွာ လုပ်ကြံ တိုက်ခိုက်၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဧပြီ ၅ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် နင်းပုလဲကျေးရွာအနီး၌ သေနတ်ဖြင့် ပစ်ခတ်ခံရ၍ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျေးရွာနေ ဦးမောင်ဇံ (၆၃)နှစ်သည် ရွှေလေ့ကျေးရွာမှ နင်းပုလဲကျေးရွာသို့ တစ်ဦးတည်း ဆိုင်ကယ်ဖြင့် မောင်းနှင်ပြန်လာစဉ် နင်းပုလဲကျေးရွာအနီးအရောက် အသင့်စောင့်ဆိုင်းနေသည့် PDF အမည်ခံ အကြမ်းဖက်သမားနှစ်ဦး(စိစစ်ဆဲ) က သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် ဦးမောင်ဇံတွင် ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့၍ ဆေးကုသနိုင်ရေး ဘီးလင်းမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။



မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများအား “ငါနှင့်မတူ၊ ငါ့ရန်သူ”ဟူသည့် တစ်ဖက်သတ် အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်မှု ကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦးသေဆုံး

**နေပြည်တော် ဧပြီ ၇**

လက်နက်ကိုင် အစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့တွင် အပြစ်မဲ့အရပ်သားပြည်သူများအား ပြည်သူလူထုအတွင်း အကြောက်တရားများ လွှမ်းမိုးစေရန်လည်းကောင်း၊ ၎င်းတို့နှင့် အမြင်အယူအဆမတူသူ အရပ်သားပြည်သူများအား “သူလျှို၊ ဒလန်၊ သတင်းပေး”ဟုစွပ်စွဲ၍လည်းကောင်း၊ “ငါနှင့် မတူ၊ ငါ့ရန်သူ”ဟူသည့် တစ်ဖက်သတ်အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ ဓား၊ သေနတ်များ အသုံးပြု၍ ရက်စက်စွာ လုပ်ကြံတိုက်ခိုက်၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဧပြီ ၆ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ အမှတ် (၃) ရပ်ကွက်၌ သေနတ်ဖြင့် ပစ်ခတ်ခံရ၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါရပ်ကွက်နေ ဦးအောင်စိုး(၅၇)နှစ်သည် ၎င်း၏နေအိမ်၌ ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားနှစ်ဦး (စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်သွားခဲ့သဖြင့် ဦးအောင်စိုးတွင် ကျည်ထိမှန်ဒဏ်ရာများ ရရှိကာ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦးသေဆုံးမှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများအား “ငါနှင့်မတူ၊ ငါ့ရန်သူ”ဟူသည့် တစ်ဖက်သတ် အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်မှု ကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများ

# အစိုးရတစ်ရပ်စွမ်းဆောင်ရည်နဲ့ DOGE ရဲ့ ကိုင်တွယ်ပုံကနေ...

မြင့်မြတ်

**DOGE– Department Of Government Efficiency.. အစိုးရတစ်ရပ်ရဲ့စွမ်းဆောင်မှု Efficiency နဲ့ ထုတ်လုပ်မှု Productivity ကို မြင့်မားစေရာမှာ DOGE ရဲ့ လုပ်ဆောင်ချက်တွေဟာ အလွန်သွက်လက်ထက်မြက်မှုရှိနေကြောင်း တွေ့ရပါတယ်။ ယခင် US Digital Service ကနေ သမ္မတ ထရမ့်ရဲ့အမိန့်နဲ့ ပြုပြင်ပြောင်းလဲဖွဲ့စည်းခဲ့တဲ့ လက်ရှိ DOGE ကို နောက်ကွယ်ကနေ ဦးဆောင်မှုပေးနေသူက ကမ္ဘာ့အချမ်းသာဆုံးသူဌေးတစ်ဦးဖြစ်တဲ့ အီလွန်မက်စ်ဖြစ်ပါတယ်။**

### အခွန်ထမ်းတွေရဲ့ငွေသည် နိုင်ငံအတွက်ပဲဖြစ်ရမည်ဆိုသောမူ

အစိုးရဌာနတွေရဲ့ စွမ်းဆောင်ရည်ကို စိစစ်နိုင်မယ့် Digital နည်းပညာပိုင်းကို ပိုပြီးခေတ်မီအောင် အဆင့်မြှင့်တင်ထားပြီး လက်ရှိအခြေအနေတွေနဲ့ ကိုက်ညီအောင် ပြုပြင်ဆန်းသစ်ထားတဲ့ DOGE ဟာ ဝန်ကြီးဌာနအဆင့်မဟုတ်ပေမယ့် အဆင့်မြင့်မားစွာနဲ့ ဝန်ကြီးဌာနတွေရဲ့ စွမ်းဆောင်ရည်ကို ထိထိရောက်ရောက် စောင့်ကြည့်စိစစ်တဲ့ ဌာနမျိုးဖြစ်ပါတယ်။ အစိုးရဘတ်ဂျက် အသုံးနဲ့အဖြုန်းကို စစ်ဆေးနိုင်တဲ့အတွက် စာရင်းစစ်အသွင်ဆောင်နေတဲ့အပြင် အကျိုးမရှိ မလိုအပ်တဲ့ ပိုလျှံလူအင်အားနဲ့ ငွေကြေးသုံးစွဲမှုကို ဖြတ်တောက်ဖို့ သမ္မတနဲ့အစိုးရကို အကြံဉာဏ်တွေပေးနိုင်တဲ့အဖွဲ့လည်း ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်နေရာမှာ DOGE ဟာ အင်တိုက်အားတိုက်နဲ့ ပြင်းပြင်းထန်ထန် ဆောင်ရွက်နေတာ တွေ့ရတယ်။ ဘာကြောင့်လဲဆိုရင် အစိုးရက ကိုင်တွယ်နေတဲ့ ငွေကြေးဟာ အမေရိကန်ပြည်သူတွေရဲ့ ငွေတွေဖြစ်လို့ပါပဲ။ နိုင်ငံသားတွေဆီက ကောက်ခံတဲ့ အခွန်ငွေဟာ နိုင်ငံသားတွေအတွက်ပဲ ဖြစ်ရမယ်၊ နိုင်ငံသားတွေရဲ့ပိုက်ဆံနဲ့ပဲ ဒီနိုင်ငံကို တည်ဆောက်ပေးရမယ်ဆိုတဲ့မူနဲ့ သွားနေတာဖြစ်ပါတယ်။ ဒါကြောင့် အခွန်ထမ်းတွေရဲ့ငွေကို ဖြုန်းတီးလို့မရ၊ အလေအလွင့်မဖြစ်ရဆိုတဲ့ ရည်ရွယ်ချက်နဲ့အညီ ဝန်ကြီးဌာနအသီးသီးရဲ့လေလွင့်ဆုံးရှုံးနေတဲ့ အခြေအနေအရပ်ရပ်ကို DOGE က အသေးစိတ် စစ်ဆေးနေတာလည်းဖြစ်ပါတယ်။ လုပ်ငန်းစဉ်ဟာ ရေရှည်ဖြစ်ပေမယ့် အတော်လေး ခရီးရောက်နေကြောင်းလည်း တွေ့ရှိရပါတယ်။

### အရင်းအမြစ်ကို အကောင်းဆုံးစီမံခန့်ခွဲနိုင်မှု Efficiency

ဒီနေရာမှာ စီမံခန့်ခွဲမှု သဘောတရားတစ်ခုဖြစ်တဲ့ Efficiency အကြောင်း အနည်းငယ် တင်ပြလိုပါတယ်။ အနည်းဆုံးအင်အားနဲ့ အကောင်းဆုံးရလဒ်ထွက်ပေါ်အောင် လုပ်နိုင်စွမ်းတဲ့ စွမ်းဆောင်ရည်တစ်မျိုးဆိုပြီး ယေဘုယျသုံးကြပါတယ်။ အနှစ်သာရက မိမိမှာရှိတဲ့ လူ၊ ပစ္စည်း၊ ငွေကြေး၊ စိတ်ဓာတ်အင်အားတွေကို အကျိုးရှိထိရောက်အောင် သုံးစွဲဖို့ပါပဲ။

အားလုံးသိတဲ့အတိုင်း အထက်ပါအရင်းအမြစ်တွေအနက်က အနည်းဆုံးတစ်မျိုးမဟုတ်တစ်မျိုး ချို့တဲ့နေတဲ့ အနေအထားတစ်ခုခုကို အားလုံးကြုံဖူးတွေ့ဖူးကြမှာပါ။ ကမ္ဘာကြီးမှာ ဘယ်နေရာ၊ ဘယ်ကဏ္ဍ၊ ဘယ်အဖွဲ့အစည်းမှာမှ ပြည့်စုံတယ်ဆိုတာ မရှိပါဘူး၊ တစ်ခုမဟုတ်တစ်ခု ချို့ယွင်းကြတာချည်းပါပဲ။ လူအင်အားမလောက်လို့၊ လူအင်အားရှိလည်း အရည်အချင်းအားနည်းလို့၊ မကျွမ်းကျင်လို့၊ စိတ်ဓာတ်မကောင်းလို့၊ ငွေမလောက်လို့၊ ပစ္စည်းအင်အားချို့တဲ့လို့ စသဖြင့်ရှိတတ်ကြပါတယ်။

ဒီလိုအခြေအနေမှာ အားနည်းချို့တဲ့နေတဲ့ အရင်းအမြစ်တွေကို အကောင်းဆုံးဖြစ်အောင် ဘယ်လိုစီမံခန့်ခွဲမလဲ၊ အရင်းအမြစ်အင်အား တောင့်တင်းနေရင်တောင် အလဟဿမဖြစ်အောင်၊ မရှိမဲ့ ရှိမဲ့အင်အားကို မလေလွင့် မဆုံးရှုံးအောင် စနစ်တကျ ဘယ်လိုစီမံခန့်ခွဲကြမလဲ၊ အားနည်းတဲ့ကြားက အကောင်းဆုံးဖြစ်အောင် စီမံခန့်ခွဲနိုင်သူကိုသာ စွမ်းဆောင်ရည်မြင့်တယ်လို့ သတ်မှတ်ပါတယ်။ အကောင်းဆုံးဖြစ်သူချင်းအတူတူ ရည်မှန်းချက်ရောက်တာချင်းအတူတူ မိမိမှာရှိတဲ့ လူအင်အား၊ ငွေအင်အား၊ ပစ္စည်းအင်အားကို အနည်းဆုံးနဲ့ ထိထိရောက်ရောက် အသုံးပြုနိုင်စွမ်းရှိသူမျိုးကိုသာ လုပ်ငန်းရှင်တွေ အကြီးအကဲတွေက ကြိုက်ကြ၊ နေရာပေးတတ်ကြပါတယ်။ နေရာတကာမှာ အရာရာက ချို့တဲ့နေတဲ့အနေအထားကို အမှန်အတိုင်း မြင်နိုင်ဖို့လည်း လိုပါတယ်။ ဒါကြောင့် efficient ဖြစ်တယ်လို့ သတ်မှတ်ခံရခြင်း၊ ခေါ်ဝေါ်ခြင်း ခံရတဲ့ဝန်ထမ်းမျိုး ဌာနမျိုးတွေကသာလျှင် စွမ်းဆောင်ရည်ရှိသူဆိုတဲ့ ဂုဏ်ပုဒ်နဲ့အတူ အမှန်တကယ်ထိုက်တန်သူများဖြစ်ကြောင်း သတ်မှတ်၍ ရနိုင်မှာဖြစ်ပါတယ်။

### ကမ္ဘာကြီးအတွက်လည်း အပေါင်းလက္ခဏာဆောင်နိုင်ဖွယ်

ထို့ကြောင့်လည်း အမေရိကန် DOGE မှာ ပါတဲ့ Efficiency ဆိုတဲ့ ဝေါဟာရမှာ အဓိပ္ပာယ်အများကြီး ရှိနေတာ သတိထားရပါလိမ့်မယ်။ efficiency စကားလုံးနဲ့ ကိုက်ညီအောင်ကို ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ မဆောင်ရွက်လို့လည်း မရတော့တဲ့ အခြေအနေပါ။ နိုင်ငံ့စီးပွားရေး တိုးတက်မှု တုံ့နှေးလာပြီး ဖက်ဒရယ်ကြွေးမြီပမာဏ USD ၃၆ ထရီလီယံ ဝန်းကျင်ရောက်နေတဲ့အနေအထားက လက်ရှိသမ္မတ ထရမ့်ရဲ့ တာဝန်ဖြစ်နေပါပြီ။

ရှေးလူတွေလုပ်ခဲ့သမျှ အနုတ်များနဲ့ နိုင်ငံတော်ကြီးကို ပြန်လည်ပေးဆပ်ရမှာက လက်ရှိခေါင်းဆောင်တွေရဲ့တာဝန်ပါပဲ။ ပြည်သူရဲ့ယုံကြည်မှု ပြန်ရအောင်လုပ်နေတဲ့ ထရမ့်နဲ့ အီလွန်မက်စ်တို့ အနေနဲ့ အမုန်းခံ၊ အဆဲခံလုပ်ရုံမှတစ်ပါး အခြားမရှိပါ။ နိုင်ငံတစ်နိုင်ငံမှာ မသမာမှု၊ အလွဲသုံးစားမှုတို့ဆိုတာ မရှိသင့်တဲ့ကိစ္စတွေ ဖြစ်တဲ့အတွက် တိုက်ဖျက်သွားရမှာပဲဖြစ်ပြီး ဒီကိစ္စကို အီလွန်မက်စ်နဲ့ DOGE ကနေ IT နည်းပညာနဲ့ data scientists များဖြစ်တဲ့ အသက် ၁၉ နှစ်နဲ့ ၂၅ နှစ်ကြား လူငယ်ခြောက်ယောက်တည်းကို တာဝန်ယူ၊ တာဝန်ခံမှု အပြည့်နဲ့ တာဝန်ပေးလုပ်ကိုင်နေခြင်း ဖြစ်ပါတယ်။

မျိုးတူလုပ်ငန်းတွေနဲ့ ထပ်နေတဲ့ဌာနတွေကို ပေါင်းစည်းမှုတွေလုပ်ပစ်ပြီး e – government စနစ်ကို ပီပီပြင်ပြင်သွားတဲ့အတွက် အစိုးရလုပ်ငန်းတွေဟာ ပွင့်လင်းမြင်သာမှုရှိလာပြီး အစိုးရအသုံးစရိတ် ဒေါ်လာဘီလီယံနဲ့ချီ သက်သာသွားတယ်လို့လည်း ဆိုပါတယ်။ ထရမ့်နဲ့ DOGE တို့ရဲ့ကနဦးလုပ်ဆောင်ချက်တွေကြည့်ပြီး မရိုးမဖြောင့်တဲ့လုပ်ရပ်တွေ မဖြစ်နိုင်ကြောင်းကိုတော့ သတိထားမိပါတယ်။ အမေရိကန်အခွန်ထမ်းတွေရဲ့ ငွေတွေနဲ့ နိုင်ငံခြားတိုင်းပြည်တွေမှာ အကျပ်အတည်းဖြစ်အောင် မတည်မငြိမ်ဖြစ်အောင် လုပ်နေတဲ့အဖျက်အမှောင့်တွေကို ရပ်တန့်ဖို့ ကြိုးစားခြင်းဟာ ကမ္ဘာကြီးအတွက်လည်း အပေါင်းလက္ခဏာ ဆောင်နိုင်ကြောင်း အဓိပ္ပာယ်ကောက်ယူနိုင်မှာ ဖြစ်ပါတယ်။

### နိုင်ငံအတွင်းအပြင် လျှော့ချဖြတ်တောက်နေတဲ့အနေအထား

ဆက်ပြီး မိမိဌာနရဲ့အုပ်ချုပ်မှုကုန်ကျစရိတ်ကို အတတ်နိုင်ဆုံး လျှော့ချသုံးစွဲနေတဲ့ DOGE ရဲ့ ဆောင်ရွက်ချက်တွေကို ကြည့်ကြရအောင်ပါ။ အဓိကရည်ရွယ်ချက်နှစ်ရပ် ရှိနေပါတယ်။ ကုန်ကျစရိတ်ဖောင်းပွပြီး အလုပ်မဖြစ်တဲ့ ဗျူရိုကရေစီယန္တရားကို လျှော့ချဖို့နဲ့ အစိုးရအသုံးစရိတ်ကို လျှော့ချဖြတ်တောက်ဖို့က အဓိကဖြစ်ပါတယ်။ နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ စားသုံးသူတွေကို လည်မျိုညှစ်ထားသလိုဖြစ်နေတဲ့ အစိုးရစနစ်ကြီးကို ပြည်သူတွေက စိတ်ကုန်နေကြပါပြီ။

အထူးသဖြင့် အမျိုးသားဖူလုံရေးနဲ့လုံခြုံရေးလို ကဏ္ဍတွေမှာ အဆိုးဆုံးဖြစ်ပါတယ်။ ဘတ်ဂျက်အသုံးမှာ လက်ဖွာလွန်းတော့ လေလွင့်မှု၊ မသမာမှုနဲ့ မတော်မတရားမှုအဖြစ်များတာလည်း မဆန်းပါဘူး။ တာထွက်တာနဲ့တစ်ပြိုင်နက် ကိုင်တွယ်လိုက်တာ လူ့လောကမှာ မရှိတော့တဲ့ အိုကြီးအိုမတွေရဲ့ အသက်စာရင်းလိမ်တွေနဲ့ ပင်စင်လိမ်ထုတ်နေကြတဲ့ ငွေကြေးမသမာမှုပေါင်းများစွာကို ဖော်ထုတ်နိုင်ခဲ့ပါပြီ။ နိုင်ငံရပ်ခြား မဟာမိတ်တွေရဲ့ လုံခြုံရေးအတွက် မိမိဘတ်ဂျက်က ၆၇ ရာခိုင်နှုန်း ထည့်ဝင်နေရချိန်မှာ မဟာမိတ်အားလုံးပေါင်းမှ ၃၇ ရာခိုင်နှုန်းပဲ ပါဝင်နေတဲ့ ခွဲတမ်းမျိုးဟာ မျှတမှုမရှိဘူးလို့ ထရမ့်တို့ဘက်က ယူဆမှာအမှန်ပါပဲ။ ဒါကြောင့် ထရမ့်အနေနဲ့က ကာကွယ်ရေးနဲ့ ဆက်စပ်နေတဲ့ သူများနိုင်ငံက ပြည်သူတွေရဲ့ လုံခြုံရေးထက် မိမိနိုင်ငံ မိမိပြည်သူတွေရဲ့လုံခြုံရေးကို ပိုပြီးဦးစားပေးသင့်တဲ့ နိုင်ငံခြားရေးမူဝါဒကို ပြန်လည်သုံးသပ်နေပြီဖြစ်ပါတယ်။ သမုဒ္ဒရာကြီး နှစ်စင်းခြားနေတဲ့အတွက် အထိုက်အလျောက် လုံခြုံမှုရှိနေတဲ့ အမေရိကန်နိုင်ငံရဲ့နိုင်ငံခြားရေးမူဝါဒအတွက် အများကြီး ဈေးမကြီးသင့်ဘူးဆိုတဲ့အမြင်ဟာ သင့်လျော်မှု ရှိတယ်လို့တော့ မြင်မိပါတယ်။

### VOA ၊ RFA တို့လည်းမလွတ်ပါ

လိုငွေပြနေတဲ့ ဖက်ဒရယ်ဘတ်ဂျက်ကို ကျုံ့အောင် ချုံ့မယ့်အစီအစဉ်မှာ ပညာရေးကအစ မီဒီယာအထိ ကဏ္ဍစုံပါဝင်ပါတယ်။ တကယ်တမ်း စိစစ်လိုက်ရင် မလိုအပ်တဲ့နေရာတွေ များစွာရှိနေမှာပါ။ မလိုအပ်ဘူးဆိုတာ ထိရောက်မှုမရှိ၊ အကျိုးလည်းမရှိ၊ အကျိုးထက် အပြစ်များတဲ့ အလုပ်တွေကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဥပမာပေးသင့်တဲ့ မီဒီယာနဲ့ ပတ်သက်တဲ့ လတ်တလောဆောင်ရွက်ချက်တစ်ခုကိုပဲ ကြည့်လိုက်ပါဦး။ USAGM လို့ခေါ်တဲ့ United State Agency for Global Media အပါအဝင် အစိုးရဌာန ခုနစ်ခုရဲ့ လုပ်ငန်းတွေကို သမ္မတထရမ့်ရဲ့ အမိန့်နဲ့ လျှော့ချရာမှာ USAGM ရဲ့ ညီနောင်မီဒီယာတွေဖြစ်တဲ့ VOA ၊ RFA နဲ့ Radio Liberty တို့လည်း ပါသွားခဲ့ပါပြီ။

အီလွန်မက်စ်ကတော့ တစ်ကမ္ဘာလုံးကို လေလှိုင်းကနေ နားအဆိပ်ခတ်နေတဲ့ ယခုလို မီဒီယာတွေကို အပြီးပိတ်သိမ်းဖို့အထိ ပြောပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း နာဇီတွေ စစ်ရှုံးရေးရည်ရွယ်ချက်နဲ့ စတင်ခဲ့တဲ့ VOA ဆိုရင် နောက်ပိုင်းမှာ အမေရိကန်အာဘော်ကို ထင်ဟပ်တဲ့ ဒီမိုကရေစီအရေးအတွက် ဖြစ်လာခဲ့တာ အားလုံးအသိပါပဲ။ ဒါပေမဲ့ ဒီသတင်းဌာနတွေဟာ ဒီမိုကရေစီအရေးထက် ငွေကိုပေါပေါလောလောသုံး၊ အခြားနိုင်ငံတွေရဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်ပြီး လူတွေရဲ့အမြင်ကို မှုန်ဝါး၊ ရေလိုက်လွဲစေတဲ့ ဝါဒဖြန့်ချိရေးသက်သက်ဖြစ်နေတာတော့ မသင့်တော်ပါဘူး။ ရန်တိုက်သွေးထိုးခလောက်ဆန်ရုံဖြစ်နေတဲ့အတွက် ထိုဌာနတွေရဲ့ လုပ်ငန်းတွေရပ်တန့်ထားဖို့ဖြစ်နိုင်ရင် ဖယ်ရှားပစ်ဖို့အထိ သမ္မတထရမ့်က အမိန့်ပေးပြီးနောက်မှာမှ ယခုလိုဆောင်ရွက်ချက်တွေ ပေါ်ပေါက်လာခြင်းဖြစ်ပါတယ်။

ထုံးစံအတိုင်း ပြုပြင်ပြောင်းလဲမှုမှန်သမျှမှာ စိန်ခေါ်မှုဆိုတာ ရှိတတ်စမြဲပါ။ ဥပဒေရေးရာ အဟန့်အတားတွေက အကြီးမားဆုံး စိန်ခေါ်မှုပါပဲ။ အကျိုးစီးပွားပဋိပက္ခတွေလည်း မလွဲမသွေရှိလာနိုင်တဲ့အပြင် ကြောက်စရာကောင်းတဲ့ မုန်းတီးမှုနဲ့ အပြန်အလှန် လက်စားချေခြင်းတွေ ရှိမလာဘူးလို့လည်း မပြောနိုင်ပါဘူး။ ဒါကြောင့်လည်း သံသယတွေရှင်းသွားအောင် အီလွန်မက်စ်က အိမ်ဖြူတော်ဘဲဥပုံရုံးခန်းမှာ ယခု သူပါဝင်တဲ့ DOGE က စနစ်ကျတဲ့ စီမံချက်နဲ့အညီ သွားနေခြင်းဖြစ်ကြောင်း၊ ပြိုင်ဘက်ဒီမိုကရက်တို့ကို လက်စားချေခြင်း မဟုတ်ကြောင်း၊ အစိုးရလုပ်ငန်းတွေမှာ ဝင်ရောက်စွက်ဖက်နေခြင်းလည်း မဟုတ်ကြောင်း၊ လုပ်ငန်းတွေ အစုရှယ်ယာတွေကို အပိုင်စီးပြီး လွှဲပြောင်းလက်ခံယူမယ့် အစီအစဉ်တွေလည်းမရှိကြောင်း သတင်းထောက်တွေကတစ်ဆင့် မနည်းရှင်းပြနေရတဲ့ မြင်ကွင်းက မှတ်သားစရာကောင်းလှပါတယ်။

စာမျက်နှာ ၂၁ သို့ ○

> **မျိုးတူလုပ်ငန်းတွေနဲ့ ထပ်နေတဲ့ဌာနတွေကို ပေါင်းစည်းမှုတွေလုပ်ပစ်ပြီး e - government စနစ်ကို ပီပီပြင်ပြင်သွားတဲ့အတွက် အစိုးရလုပ်ငန်းတွေဟာ ပွင့်လင်းမြင်သာမှုရှိလာပြီး အစိုးရအသုံးစရိတ် ဒေါ်လာဘီလီယံနဲ့ချီ သက်သာသွားတယ်လို့လည်း ဆိုပါတယ်။ ထရမ့်နဲ့ DOGE တို့ရဲ့ ကနဦးလုပ်ဆောင်ချက်တွေကြည့်ပြီး မရိုးမဖြောင့်တဲ့လုပ်ရပ်တွေ မဖြစ်နိုင်ကြောင်းကိုတော့ သတိထားမိပါတယ်။ အမေရိကန်အခွန်ထမ်းတွေရဲ့ ငွေတွေနဲ့ နိုင်ငံခြားတိုင်းပြည်တွေမှာ အကျပ်အတည်းဖြစ်အောင် မတည်မငြိမ်ဖြစ်အောင် လုပ်နေတဲ့အဖျက်အမှောင့်တွေကို ရပ်တန့်ဖို့ ကြိုးစားခြင်းဟာ ကမ္ဘာကြီးအတွက်လည်း အပေါင်းလက္ခဏာဆောင်နိုင်ကြောင်း အဓိပ္ပာယ်ကောက်ယူနိုင်မှာဖြစ်**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်


**နေပြည်တော် ဧပြီ ၇**


ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေစွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညမှ ဧပြီ ၁၁ ရက်အထိ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ဧပြီ ၁၂ ရက်မှ ၁၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။


**အကြံပြုချက်**


သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**




# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အသိပညာပေး



**ရန်ကုန် ဧပြီ ၇**

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနမှ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ စက်ရုံလေးရုံသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါအသိပညာပေး ဆွေးနွေးပွဲတွင် ရွှေသံလွင်စက်မှုဇုန်ရှိ Sunme (Myanmar Industrial Co,Ltd အထည်ချုပ်စက်ရုံ)၊ Myue &Sue Garment MFG Co,Ltd အထည်ချုပ်စက်ရုံ၊ YLX Co,Ltd အိတ်ချုပ်စက်ရုံ၊ Victor House Co,Ltd အထည်ချုပ်စက်ရုံတို့တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်လင်က အလုပ်သမားဥပဒေပါအကြောင်း ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဦးသန့်ဇော်လင်းက လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်တို့ကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

○ စာမျက်နှာ ၂၀ မှ

ခြုံပြီးကြည့်ရင်တော့ ကျွန်တော်တို့အနေနဲ့ သင်ခန်းစာအချို့ ရလိုက်မယ်လို့ ထင်ပါတယ်။ ယူဆထားသလို အမေရိကန်နိုင်ငံကြီးဟာ အစစအရာရာအဆင်ပြေ၊ အမြဲမှန်နေတဲ့ စံပြနိုင်ငံတစ်ခု မဟုတ်ဘူးဆိုတာပါပဲ။ သမ္မတ ထရမ့်တက်တာနဲ့ ဘာကြောင့် DOGE လို အဖွဲ့ကို အမြန်ဖွဲ့စည်းရပါသလဲ၊ ကနဦး ဆောင်ရွက်ချက်တွေနဲ့ နောင်လာမယ့် လုပ်ဆောင်ချက်တွေအရ သူတို့ လူ့အဖွဲ့အစည်းမှာ ဘယ်လောက်တောင် ခြစားမှုတွေရှိနေပြီလဲ ခန့်မှန်းလို့ ရနိုင်လောက်ပါတယ်။

အမေရိကန်နိုင်ငံမှာ မသမာမှုအနည်းဆုံးနဲ့ သာသာယာယာ ရှိကြလိမ့်မယ်လို့ ထင်သူကများပေမယ့် အပေါ်ယံရွှေမှုန်ကြဲပြီး အတွင်းမှာ လှိုက်စားနေတဲ့ အရှုပ်ထုပ်တွေကို မြေလှန်နေတာကြည့်ပြီး ဘာကိုမှအထင်ကြီးစရာမရှိသလို ဘယ်သူ့ကိုမှလည်း အထင်မသေးသင့်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ နောက်တစ်ချက်က မိမိပြည်တွင်းအရေးထက် ဘယ်ပြည်ပအရေးကမှ အရေးမကြီးဘူးဆိုတဲ့ မိမိနိုင်ငံနဲ့ နိုင်ငံသားအကျိုးစီးပွားဦးစားပေးချက် မူဝါဒမျိုးကို အတုယူသင့်ပါတယ်။ ကမ္ဘာပေါ်က ကြွေးမြီအထူပြောဆုံး နိုင်ငံတစ်နိုင်ငံအနေနဲ့ စစ်မှန်မှုမရှိတဲ့ ဒီမိုကရေစီအရေး လစ်ဘရယ်အရေးဆိုတာတွေထက် ကိုယ့်နိုင်ငံအရေး၊ ကိုယ့်အမျိုးသားရေးက ပိုအရေးမကြီးသင့်ဘူးလားစတဲ့ ပညာဉာဏ်အမြော်အမြင်နဲ့ လုပ်တတ်ကိုင်တတ်ဖို့ အရေးကြီးပုံများကိုလည်း တွေ့ရပြန်ပါတယ်။

နောက်တစ်ချက်က လုပ်ကြံခံရမှာမကြောက်၊ ယခင် အောင်မြင်ခဲ့တဲ့ Tesla လုပ်ငန်းကြီး အရှုံးပေါ်နေတဲ့ကြားက နိုင်ငံအတွက် ဦးစားပေးပြီး ပြည်သူဆီက ယုံကြည်မှုပြန်ရအောင် သတ္တိရှိရှိ၊ လုပ်ရဲကိုင်ရဲတဲ့ စိတ်ဓာတ်မျိုးကိုလည်း အနာဂတ်လူငယ်မျိုးဆက်တွေအနေနဲ့ အတုယူသင့်ပါတယ်။ နောက်ထပ် တွေးမိတာလေးတစ်ခုလည်း ရှိပါသေးတယ်။ ရုရှားက ဘာဖြစ်တယ်၊ တရုတ် ဘာဖြစ်တယ်၊ မြန်မာက အန္တရာယ်များတယ်.. စတာတွေအကြောင်းပြပြီး ကမ္ဘာကြီးကို အကြောက်တရားရိုက်သွင်း၊ ပြည်သူဆီကငွေကို လိမ်ယူ၊ ဒီငွေနဲ့ သူတစ်ပါးတိုင်းပြည် ဝင်စွက်ဖက်လုပ်နေကြတဲ့ အစိုးရတွေ ကမ္ဘာမှာ ရှိနေဆဲဖြစ်ပါတယ်။

သူတို့အနေနဲ့ စိတ်ကူးယဉ်မဆန်ဘဲ လက်တွေ့ကျသင့်ပါပြီ၊ ကိုယ့်နိုင်ငံအတွက် ဦးစားပေးပြီး ဓမ္မဓိဋ္ဌာန်ကျတဲ့ခေါင်းဆောင်မျိုးတွေ ရှိလာခဲ့ရင် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အလွန်ကောင်းသွားမှာပဲဆိုတဲ့ အတွေးပါ။ ဘာပဲပြောပြော သမ္မတထရမ့်နဲ့ အီလွန်မက်စ်တို့ရဲ့လုပ်ဆောင်ချက်တွေကြောင့် ကမ္ဘာကြီးအပေါ် ကောင်းကျိုး၊ ဆိုးကျိုး အနည်းနဲ့အများ သက်ရောက်စေခဲ့တာကတော့ အမှန်ပါပဲ။

တစ်ခုပဲရှိတယ်၊ သူတို့ရဲ့ ဇာတ်ကြမ်းတိုက်လုပ်ရပ်တွေက တချို့သူတွေအတွက်တော့ ဆေးခါးကြီး ဖြစ်နေပုံရပါတယ်။ ရေရှည်အတွက် သွားနေတာဆိုတော့လည်း လတ်တလော လက်ဆုပ်လက်ကိုင်၊ မျက်နှာရစရာ မည်မည်ရရ မပြနိုင်သေးပေမယ့် Quick win လို ရေတိုအောင်မြင်မှုအချို့ ပြသနိုင်မယ့် Reform Management ပုံစံမျိုးကို ထိန်းထိန်းသိမ်းသိမ်းလုပ်နိုင်ရင်တော့ ပိုပြီးကောင်းသွားမလားလို့ တွေးမိတာလေးတစ်ခုနဲ့ပဲ အဆုံးသတ်လိုက်ပါတယ်။ ။




# သတင်းရင်းမြစ်များကို ခိုင်လုံစွာ ဖော်ပြရန်လိုအပ်ကြောင်း ကမ္ဘောဒီးယားပြန်ကြားရေးဝန်ကြီး သတိပေးပြောကြား

ဖနောင်ပင် ဧပြီ ၇

ကမ္ဘောဒီးယားနိုင်ငံရှိ သတင်းထောက်များနှင့် ဆိုရှယ်မီဒီယာတွင်သတင်းဖော်ပြသူများအနေဖြင့် သတင်းအကြောင်းအရာများကို ဖော်ပြရေးသားပါက ရရှိသည့် သတင်းရင်းမြစ်များကို ခိုင်လုံစွာ ဖော်ပြရန်လိုအပ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီး နတ်ဖီထရာက သတိပေးပြောကြားခဲ့သည်ဟု ယနေ့ခမာတိုင်းစ် သတင်းစာသတင်းအရ သိရသည်။

သတင်းရေးသား ဖော်ပြရာတွင် သတင်းအကြောင်းအရာ တိကျခိုင်မာမှုရှိရန်နှင့် ယုံကြည်ရသည့် သတင်းရင်းမြစ်ဖြစ်ရန် လိုအပ်သည်ဟု ၎င်းက ဖနောင်ပင်တွင် သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

ယခုကဲ့သို့ သတိပေးပြောကြားရခြင်းမှာ အချို့သတင်းရင်းမြစ်များသည် မှန်ကန်မှုမရှိခြင်းနှင့် တိကျခိုင်မာမှုမရှိသည်ကို တွေ့ရှိနေရခြင်းကြောင့်ဖြစ်ပြီး မသမာသူများက သတင်းတု၊ သတင်းမှားများ ကိုယ်ကျိုးအတွက် ရေးသားဖော်ပြနေသည်ကို တွေ့ရှိရခြင်းကြောင့်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ မီဒီယာများမှတစ်ဆင့် သတင်းတု၊ သတင်းမှားများ ရေးသားဖော်ပြနေခြင်းဖြင့် နိုင်ငံသားများ မီဒီယာအပေါ် ယုံကြည်မှု လျော့နည်းလာနိုင်ကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံသားများ သတင်းအမှန်များကို သိရှိရေးအတွက် မီဒီယာကျွမ်းကျင်သူများနှင့် အွန်လိုင်းသတင်းတင်ဆက်သူများ အနေဖြင့် သတင်းတစ်စုံတစ်ရာကို ရေးသားဖော်ပြခြင်းမပြုမီ သတင်းမှန်နှင့် သတင်းမှားများကို ပိုင်းခြားစိစစ်ရန် တာဝန်ရှိကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား – ခမာတိုင်းစ်
ဘာသာပြန် – စိုးသူရ

# အမေရိကန်သမ္မတ ထရမ့် ချမှတ်ခဲ့သည့် မူဝါဒများအား ဆန့်ကျင်ဆန္ဒဖော်ထုတ်ပွဲများ ဥရောပတစ်ဝန်း ကျင်းပ

ပါရီ ဧပြီ ၇

အမေရိကန်သမ္မတ ထရမ့် ချမှတ်ခဲ့သည့် ပြည်ပနိုင်ငံများမှ အမေရိကန်သို့ တင်ပို့သည့် ပို့ကုန်များအပေါ် အခွန်စည်းကြပ်သည့်မူဝါဒအပါအဝင် အခြားမူဝါဒများအား ဆန့်ကျင်ဆန္ဒဖော်ထုတ်ပွဲများကို ပဲရစ်၊ ဘာလင်၊ လစ်စဘွန်းနှင့် လန်ဒန်အပါအဝင် ဥရောပဒေသရှိမြို့များတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**ကမ္ဘာ့ရှယ်ယာဈေးကွက်ကျဆင်း**

ယခုကဲ့သို့ အမေရိကန်က အခွန်စည်းကြပ်ခြင်းဖြင့် အမေရိကန်နှင့် ကုန်သွယ်မှုဆောင်ရွက်နေသည့် နိုင်ငံများတွင် ကုန်သွယ်ရေး လိုငွေပြမှုများဖြစ်လာခဲ့ပြီး ကမ္ဘာ့ရှယ်ယာဈေးကွက်ကျဆင်းခဲ့ကြောင်း သိရသည်။

လန်ဒန်ရှိ ထရာဖာဂါအဝိုင်းတွင် ဆန္ဒဖော်ထုတ်သူများက ဂရင်းလန်းသည် ရောင်းရန်မဟုတ်၊ အမုန်းတရားဖြင့် အမေရိကန်မကြီးပွားနိုင် စသည့် စာတန်းများ ကိုင်ဆောင်ကြွေးကြော်ခဲ့ကြသည်။

**ပြောကြား**

ပေါ်တူဂီနိုင်ငံတွင်ကျင်းပသည့် ဆန္ဒဖော်ထုတ်ပွဲတစ်ခုတွင် အမေရိကန်ပင်စင်စားတစ်ဦးက အမေရိကန်အစိုးရက ပင်စင်လစာငွေများကို လျှော့ချခဲ့သဖြင့် ပင်စင်စားများထိခိုက်ခဲ့ရကာ ထရမ့်ဆောင်ရွက်သည့် မူဝါဒများသည် အမေရိကန်နိုင်ငံသားများကို ထိခိုက်စေခဲ့သည်ဟု ပြောကြားသည်။

အလားတူ ဆန္ဒဖော်ထုတ်ပွဲများကို ပါရီ၊ ဘာလင်နှင့် ဖရန့်ဖတ်တို့တွင်ကျင်းပခဲ့ရာ တက်ရောက်ဆန္ဒဖော်ထုတ်သူ အများအပြားရှိခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# မိခင်များနှင့် ကလေးများ လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိခံစားနိုင်ရေးအတွက် ဆောင်ရွက်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား

မနီလာ ဧပြီ ၇

မိခင်များနှင့် ကလေးများ လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားနိုင်ရေးအတွက် တိကျသည့်ဆောင်ရွက်ချက်များကို ကြိုးပမ်းဆောင်ရွက်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယမန်နေ့တွင်ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကျန်းမာမှုဖြင့် စတင်ခြင်း၊ မျှော်လင့်ချက်များဖြင့် ပြည့်ဝနေသည့် အနာဂတ် လှုပ်ရှားမှုကို လက်ရှိတွင်ဆောင်ရွက်နေပြီး ၎င်းကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လှုပ်ရှားမှုအရ မိခင်များနှင့်ကလေးများအား အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများပေးအပ်ရန် ဆောင်ရွက်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အနောက်ပစိဖိတ်ဒေသရုံးတွင် ယနေ့ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးနေ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အနောက်ပစိဖိတ်ဒေသတွင် မိခင်များနှင့် ကလေးများအား လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့်အတွက် မိခင်နှင့် ကလေးများသေဆုံးမှုနှုန်းနည်းကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အနောက်ပစိဖိတ်ဒေသရုံးတာဝန်ရှိသူ ဆိုမာ အူပီကူလာက ပြောကြားသည်။

ကမ္ဘာပေါ်ရှိ ကျန်းမာရေးစောင့်ရှောက်မှုအားနည်းသည့်ဒေသများတွင်လည်း အလားတူ မိခင်နှင့် ကလေး သေဆုံးမှုနှုန်းနည်းစေရေး ကြိုးပမ်းဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ

# ဂါဇာဒေသသို့ ပိုလီယိုကာကွယ်ဆေးများ ပို့ဆောင်ခွင့်ပိတ်ပင်လိုက်သည့်အတွက် ကျန်းမာရေးကဏ္ဍတွင် အဟန့်အတားဖြစ်ခဲ့

ဂျေရုဆလင် ဧပြီ ၇

အစ္စရေးတာဝန်ရှိသူများက ဂါဇာဒေသသို့ပိုလီယိုကာကွယ်ဆေးများ ပို့ဆောင်ခွင့်ပိတ်ပင်လိုက်သည့်အတွက် ကျန်းမာရေးကဏ္ဍအတွက် အဟန့်အတားဖြစ်ခဲ့ကြောင်း ဂါဇာဒေသကျန်းမာရေးတာဝန်ရှိသူများက ယမန်နေ့တွင် ပြောကြားသည်။

**ပြောကြား**

၎င်းဆောင်ရွက်ချက်သည် ကလေးများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကာ ပိုလီယိုကာကွယ်ဆေးမရရှိပါက မသန်စွမ်းဖြစ်နိုင်ချေရှိသည့် ကလေးအရေအတွက် ၆၀၂၀၀၀ ရှိကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။ ယခုကဲ့သို့ ဆေးဝါးများ ပို့ဆောင်ခွင့်ပိတ်ပင်ခြင်းဖြင့် ပိုလီယိုရောဂါတိုက်ဖျက်ရေးဆောင်ရွက်မှုများကို အကျိုးမဲ့ဖြစ်စေကာ ကျန်းမာရေးကဏ္ဍတွင် ဆိုးရွားသည့်ရလဒ်များရရှိလာစေသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ ဂါဇာဒေသသို့ပိုလီယိုကာကွယ်ဆေးများ ပို့ဆောင်ခွင့်ပြုရေးအတွက် အစ္စရေးအားဖျောင်းဖျပေးရန် ကျန်းမာရေးတာဝန်ရှိသူများက နိုင်ငံတကာအား ပန်ကြားခဲ့သည်။

ဂါဇာဒေသတွင် လက်ရှိအချိန်၌ ဆေးဝါးနှင့် အောက်ဆီဂျင်ပြတ်လတ်မှုကြောင့် ထိခိုက်သေဆုံးမှုများပြားခဲ့သည်။

ထို့ပြင် ကလေးများမှာလည်း အစားအစာပြတ်လတ်မှုနှင့် ကြုံတွေ့နေရသဖြင့် လိုအပ်သလိုဆောင်ရွက်မှုများမပြုလုပ်ပါက အသက်များစွာ သေဆုံးနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ





# ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ မြို့တော်ကင်ရှာဆာတွင် ရေကြီးရေလျှံမှုဖြစ်ပွား

ကင်ရှာဆာ ဧပြီ ၇

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ မြို့တော် ကင်ရှာဆာတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သဖြင့် အနည်းဆုံး ၃၃ ဦး သေဆုံးကြောင်း တာဝန်ရှိသူများက ဧပြီ ၇ ရက်တွင် ပြောကြားသည်။

ဧပြီ ၄ ရက်မှ ၆ ရက်အတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ကင်ရှာဆာရှိ ခရိုင်များတွင် ထိခိုက်ပျက်စီးမှုများရှိခဲ့ပြီး နေအိမ်များပျက်စီးခဲ့ကြောင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး ဂျတ်ကူမိန်း ရှာဗာက ပြောကြားသည်။

၎င်းသဘာဝဘေးကိုလျော့ပါးသက်သာစေရေးအတွက် အစိုးရက တပ်မတော်သားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ဒေသန္တရ တာဝန်ရှိသူများပါဝင်သည့် ကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းကာ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် ကင်ရှာဆာရှိ အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကာ ရေနှင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပွားခဲ့သည်။ လက်ရှိအချိန်တွင် မြို့တော်ကင်ရှာဆာရှိအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် သောင်တင်နေသည့် လေယာဉ် ခရီးသည်များကိုလည်း လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲပေးခဲ့ကြောင်း သိရသည်။ လာမည့်ရက်များအတွင်း မိုးသည်းထန်စွာ ထပ်မံရွာသွန်းနိုင်ကြောင်း မိုးလေဝသတာဝန်ရှိသူများက ခန့်မှန်းထားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာ၊ တိုက်အမှတ်(B3)၊ (၅)လွှာ၊ အခန်းအမှတ်(511)၊ အခန်းအမျိုးအစား Type (C)၊ အကျယ်အဝန်း (၆၃၈)စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် တိုက်အမှတ်(B4)၊ (၄)လွှာ၊ အခန်းအမှတ်(402)၊ အခန်းအမျိုးအစား Type (B)၊ အကျယ်အဝန်း(၉၃၈)စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် ကွန်ဒိုတိုက်ခန်းတွင် စွဲမြဲစွာတပ်ဆင်ထားသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဇွဲသီဟကျော်(၁၂/ဒဂန(နိုင်)၀၃၂၃၃၃)မှ ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းခမ်းဦး (၁၃/မဆတ(နိုင်)၀၅၅၇၈၁)မှ စရံငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

**ဒေါ်ဖြူဖြူသန့်** တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၁၁)

LL.B., D.B.L., WIPO-101(Switzerland)

အမှတ်–၁၂၆၊ ၄၁–လမ်း၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉ ၅၄၀၁၄၆၂၊ ၀၉၈၈၇၈၀၀၀၂၆

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ်(၁)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၅/ကံဘဲ့)၊ မြေကွက်အမှတ်(၈၇/ခ–B)၊ အကျယ်အဝန်း(အလျား ၅၀ပေ x အနံ ၉၄ပေ)၊ ဧရိယာ(၀.၁၁၃၆)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွှယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အမည်ပေါက်သူများဖြစ်ကြသည့် ဒေါ်အေးသန္တာထွန်း[၉/မလန(နိုင်)၀၈၂၁၆၂]၊ ဒေါ်သွယ်ဝင်းထွန်း[၉/မလန(နိုင်)၀၈၃၃၉၂]တို့(၂)ဦးမှ ပူးတွဲအမည်ပေါက်ပိုင်ဆိုင်၍ လက်ဝယ်ထားကာ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းသော မြေကွက်ဖြစ်ကြောင်း ဝန်ခံကတိပြု ပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူများထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူ မည်သူမဆို အထက်ပါမြေကွက်နှင့် သက်ဆိုင်သည့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၆၈)**
**အမှတ်–၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၀၀၅၇၄၉၈**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

( ၁ ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
( ၂ ) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
( ၃ ) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊
(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
( ၅ ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
( ၇ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
( ၈ ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်း မပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြား ဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း ကြော်ငြာ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)ကျောင်းတွင် ဆောင်ရွက်မည့် အောက်ပါ တည်ဆောက်ရေးလုပ်ငန်း(၂)ရပ်အား အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

(က) ထမင်းစားဆောင်အဆောက်အဦ (၁၀၀'x၅၂'x၁၂') RCC (၁) ထပ် တိုးချဲ့ဆောင် ဆောက်လုပ်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ
(ခ) ဘက်စုံသုံးခန်းမ(၁၂၀'x၆၀') RCC(၁)ထပ်(အတွင်း ရေ၊ မီး၊ Apron & Drainအပါ) (၁)လုံး ဆောက်လုပ်ခြင်း

၂။ အိတ်ဖွင့်တင်ဒါများ ဖွင့်လှစ်ခြင်းကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်–

(က) တင်ဒါပုံစံ ရောင်းချမည့်နေ့ရက် – (၂၈–၄–၂၀၂၅)မှ (၅–၅–၂၀၂၅)ထိ
(ခ) တင်ဒါနောက်ဆုံး လက်ခံမည့်နေ့ရက်၊ အချိန် – (၈–၅–၂၀၂၅)(၁၅:၃၀)နာရီ
(ဂ) တင်ဒါဖွင့်ဖောက်မည့် နေ့ရက်၊ အချိန် – (၁၃–၅–၂၀၂၅)(၁၀:၀၀)နာရီ
(ဃ) တင်ဒါဖွင့်ဖောက် လက်ခံမည့်နေရာ – စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်

၃။ တင်ဒါအဆိုပြုလွှာပုံစံများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၃၆)တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း–၀၆၇–၃–၄၁၈၅၃၁ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ငါးလုပ်ငန်းဦးစီးဌာန**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း ကြော်ငြာ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ဓာတ်ခွဲခန်းသုံးပစ္စည်း (၁၇)မျိုး
(ခ) စက်နှင့်စက်ပစ္စည်း (၃)မျိုး
(ဂ) ရုံးသုံးစက်ကိရိယာပစ္စည်း (၁၁)မျိုး
(ဃ) ရုံးသုံးပရိဘောဂပစ္စည်း (၁၀)မျိုး

၂။ အိတ်ဖွင့်တင်ဒါများ ဖွင့်လှစ်ခြင်းကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်–

(က) တင်ဒါပုံစံ ရောင်းချမည့်နေ့ရက် – (၂၃–၄–၂၀၂၅)မှ (၂–၅–၂၀၂၅)ထိ
(ခ) တင်ဒါနောက်ဆုံး လက်ခံမည့်နေ့ရက်အချိန် – (၅–၅–၂၀၂၅ )(၁၅:၃၀)နာရီ
(ဂ) တင်ဒါဖွင့်ဖောက်မည့် နေ့ရက်၊ အချိန် – (၆–၅– ၂၀၂၅) (၁၀:၀၀)နာရီ
(ဃ) တင်ဒါဖွင့်ဖောက် လက်ခံမည့်နေရာ – စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်

၃။ ပစ္စည်းများ၏ အဆိုပြုလွှာပုံစံများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၃၆)တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်(ရုံးပိတ်ရက်မပါ)။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း ၀၆၇–၃–၄၁၈၅၃၁ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ငါးလုပ်ငန်းဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၀)၊ မြေကွက်အမှတ်(၁၀၄၇–၁၀၄၈) နှစ်ကွက်တွဲ မြေကွက်(၈၀'x၆၀')ကို ပါမစ်အမည်ပေါက် ဒေါ်သန္တာဦး[၁၂/ဗတထ(နိုင်)၀၀၁၆၁၅]ထံမှ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးရီအောင်[၁၃/မဆတ(နိုင်)၀၀၁၄၅၁]ထံမှ ကျွန်ုပ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ရောင်းချခွင့်ရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းနှင့် မူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်ဦး**
**[၁၃/တလတ(နိုင်)၀၀၀၂၃၆]**
**အမှတ်(၁၃၅/၁၃၇)၊ လမ်း(၂၀)၊ လသာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၅၄၁၆၆၈၈**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာလမ်း၊ တိုက်အမှတ်(၃၂၀) (၂)ခန်းတွဲ၊ (၈)ထပ်တိုက်အနက် ၃–လွှာ၊ အခန်းအမှတ်(A–3)၊ အကျယ်အဝန်း (၁၂ ½ ပေ x ၆၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တိုက်ခန်းအမည်ပေါက် ပိုင်ဆိုင်သူ ဦးကျော်မြင့်(ခ)လီရှောက်စိုက်[၁၃/ကတန(နိုင်)၀၀၇၁၄၈] (ကွယ်လွန်)၏ အမွေဆက်ခံသူ ဇနီးနှင့်သားသမီးများဟုဆိုသူ (၁)ဒေါ်ဝူးမေ(ခ)ဝူးကြည့်ယဉ်[၁၃/တကန(နိုင်)၁၄၀၁၂၃]၊ (၂)ဦးအောင်မိုးမြင့်[၁၃/ကတန(နိုင်)၀၆၄၄၂၄]၊ ၃။ဒေါ်မိုးမိုးမြင့်[၁၃/ကတန(နိုင်)၀၆၄၄၂၅]၊ (၄)ဦးနေမိုးမြင့်[၁၃/ တကန(နိုင်)၁၅၉၆၆]ကိုင်ဆောင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေဇင်ဦး[၁၂/ပဘတ(နိုင်)၀၃၅၃၅၆]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို အထောက်အထား မူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာခင်(LL.B, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၄၄၅)**
**တိုက်(A3)၊ အခန်း(၂၀၉)၊ ဗညားဒလလမ်း၊တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၃၁၁၉၈၄၅၊ ၀၉–၉၆၄၁၁၉၈၄၅**

## သင့်သွေးဖြင့် အသက်ကယ်ပါ

○ ဖူလ်ဟမ်အသင်းမှ

အသီးသီးသွင်းယူပေးခဲ့ပြီး လီဗာပူးအသင်းအတွက် သွင်းဂိုးတွေကိုတော့ ၁၄ မိနစ်မှာ အဲလစ်စတာက တစ်ဂိုး၊ ၇၂ မိနစ်မှာ လူးဝစ်ဒီယက်ဇ်က တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ဖူလ်ဟမ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပြိုင်ပွဲမှာ ၂၆ ပွဲဆက် ရှုံးပွဲမရှိစံချိန်လည်း ရပ်တန့်ခဲ့ရပြီဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ဖူလ်ဟမ်အသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် ပရီမီယာလိဂ်ပွဲစဉ် ခုနစ်ပွဲအလိုမှာ အမှတ်ပေးဇယား ဒုတိယနေရာက အာဆင်နယ်အသင်းကို ၁၁ မှတ်ဖြတ်ကာ ဆက်လက် ဦးဆောင်နိုင်ခဲ့ပြီး အကြိမ် (၂၀)မြောက် ပရီမီယာလိဂ်ဖလားရရှိရန် ရမှတ် ၁၁ မှတ်သာ လိုတော့တာဖြစ်ပါတယ်။

ဖူလ်ဟမ်အသင်းကတော့ လီဗာပူးအသင်းကိုအနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၃၁ အပြီးမှာ ရမှတ် ၄၈ မှတ်ရရှိထားပြီး အဆင့်(၄)နေရာက ချယ်လ်ဆီးအသင်းနဲ့ ငါးမှတ်အကွာ အမှတ်ပေးဇယားအဆင့်(၈)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြယ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# သဗ္ဗညုပုထိုးတော်ကြီး (ရန်ကုန်)+ ဓမ္မသကစာသင်တိုက်

သုခလမ်း၊ ကျောက်ရေတွင်း တောင်ပိုင်း၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်းနံပါတ် – 09 450 046 290, 09 426 893 640, USA+1 626 644 7146, E mail : mapinnyasiri@gmail.com

Viber # 09 450 046 290, + 1 626 644 7146, FB# သဗ္ဗညုပုထိုးတော်ကြီး (ရန်ကုန်)

---

### ၁။ ၁၃၈၇–ပညာသင်နှစ်အတွက် သီလရှင်စာသင်သား ပင့်ဖိတ်ခေါ်ယူခြင်း

၁၃၈၇–ပညာသင်နှစ် အစိုးရဓမ္မာစရိယတန်း၊ ပါဠိပထမပြန်တန်းဆိုင်ရာ စာဝါများအတွက် သီလရှင်စာသင်သားများကို စတင်လက်ခံနေပြီဖြစ်ပါသောကြောင့် အထက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ပြီး ၁၃၈၇–ခုနှစ်၊ နယုန်လဆန်း(၁၀) ရက် (၅–၆–၂၀၂၅) နေ့အထိ ကျောင်းဝင်ခွင့် လျှောက်ထားနိုင်ပါကြောင်း ပင့်ဖိတ်အပ်ပါသည် ဘုရား။

### ၂။ သင်္ကြန်တွင်း (၅)ရက် တရားစခန်းပွဲ ဖိတ်ကြားခြင်း

သဗ္ဗညုပုထိုးတော်ကြီး(ရန်ကုန်)၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း(၅)ရက် တရားစခန်းပွဲကို ၁၃၈၆–ခုနှစ်၊ နှောင်းတန်ခူးလဆုတ်(၁)ရက် (၁၃–၄–၂၀၂၅) သင်္ကြန်အကြိုနေ့မှစ၍ ၁၃၈၆–ခုနှစ်၊ နှောင်းတန်ခူးလဆုတ်(၅)ရက် (၁၇–၄–၂၀၂၅) နှစ်ဆန်း (၁)ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ပြီး ဝိပဿနာတရားပြ ကမ္မဋ္ဌာနာစရိယဆရာတော်မှ ကမ္မဋ္ဌာန်းတရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါသဖြင့် တရားစခန်းဝင်လိုသော ယောဂီများ၊ ဒုလ္လဘရှင်ပြုရဟန်းခံ (သိမ်တော်မြတ်ရှိ) သီလရှင်ဝတ်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် ၁၃၈၆–ခုနှစ်၊ နှောင်းတန်ခူးလပြည့်(၁၅)ရက် (၁၂–၄– ၂၀၂၅)၊ ညနေ(၄)နာရီအရောက် ကြွရောက်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ဖိတ်ကြားအပ်ပါသည်။ **(မိမိတို့၏ ဖျာ၊ စောင်၊ ခြင်ထောင် စသည့်အသုံးအဆောင်များ ယူလာရပါမည်။)**

### ၃။ အသံမစဲ မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ဖိတ်ကြားခြင်း

သဗ္ဗညုပုထိုးတော်ကြီး(ရန်ကုန်)၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို သံဃာတော်အရှင်မြတ်(၂၇)ပါးတို့ဖြင့် ၁၃၈၆–ခုနှစ်၊ နှောင်းတန်ခူးလဆုတ်(၁)ရက် (၁၃–၄–၂၀၂၅) သင်္ကြန်အကြိုနေ့ နံနက် (၉:၀၀)နာရီမှစ၍ ၁၃၈၆– ခုနှစ်၊ နှောင်းတန်ခူးလဆုတ်(၅)ရက် (၁၇–၄–၂၀၂၅) နှစ်ဆန်း(၁)ရက် နံနက် (၉:၀၀)နာရီအထိ (၅)ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်၍ ပဋ္ဌာန်းတရားတော် ကြွရောက် နာယူကြည်ညိုနိုင်ပါရန်နှင့် ၁၃၈၆–ခုနှစ်၊ နှောင်းတန်ခူးလဆုတ်(၅)ရက် (၁၇–၄–၂၀၂၅) နှစ်ဆန်း(၁)ရက် နံနက် (၉:၀၀)နာရီအချိန် ပဋ္ဌာန်းအောင်ပွဲနေ့၌ သံဃာတော်အရှင်မြတ် (၂၇)ပါး၊ သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူ ကုသိုလ်ယူနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

### ၄။ နှစ်သစ်မင်္ဂလာဆွမ်းတော်ဦးကပ် အဘိသိက်သွန်းလောင်း ဆုတောင်းပွဲ ဖိတ်ကြားခြင်း

သဗ္ဗညုပုထိုးတော်ကြီး(ရန်ကုန်)၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘွားလေးဒေါ်ဓမ္မေသီ တည်ထားကိုးကွယ်တော်မူသော သဗ္ဗညုပုထိုးတော်ကြီး (ရန်ကုန်)+ ဓမ္မေသကစာသင်တိုက်၌ သက်တော်ထင်ရှားမြတ်စွာဘုရားရှင်၏ ရင်ငွေ့တော်ဟတ်ထားကိုယ်တော်စား မျက်တော်ရှင်ဘုရား၊ မြတ်စွာဘုရားရှင်၏ ဓာတ်တော်စစ် ကိန်းဝပ်တော်မူသော ဓာတ်တော်ရှင်ဘုရား၊ အလောင်းမင်းတရားကြီး အထူးဝတ်ပြုလေ့ရှိသော ဆုတောင်းပြည့်ဘုရား၊ ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူကြသော ရှေးဟောင်းမြတ်စွာဘုရားရှင်များစွာကို နှစ်သစ်မင်္ဂလာဆွမ်းတော်ဦးကပ် အဘိသိက်သွန်းလောင်း မင်္ဂလာအခမ်းအနားကို (၂၆)ကြိမ်မြောက်အဖြစ် နှစ်စဉ်ရာသက်ပန်အလှူရှင် ကျေးဇူးရှင်မိဘများ ဖြစ်ကြသော ဦးသိန်းမောင်+ဒေါ်ပါးပါးတို့ကို ဦးထိပ်ထား၍ (စန္ဒီ) ဘယဆေး မိသားစုနှင့် တိုင်းရင်းဆေးမိသားစုတို့က ကျင်းပပူဇော်မည်ဖြစ်ပါ၍ ကိုယ်ပိုင်ကုသိုလ် ကိုယ်တိုင်ယူရန် မပျက်မကွက် ဆက်ဆက် ကြွရောက်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

## အစုရှယ်ယာလျှော့ချခြင်း

ကျွန်တော်တို့၏ MYIN MA HTI ESTATE DEVELOPMENT COMPANY ၏ အစုရှယ်ယာတန်ဖိုး အရေအတွက် မြန်မာကျပ်ငွေ ၁၀၀,၀၀၀ /– တန် ( ၁၁၀၀၀ )စုအား မြန်မာကျပ်ငွေ ၁၀၀,၀၀၀ /– တန် အစုရှယ်ယာ ( ၁၀၀၀ )စု သို့ လျှော့ချလိုက်ပါကြောင်း ကြေညာအပ်ပါသည် ။

**MYIN MA HTI ESTATE DEVELOPMENT COMPANY**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၂၃၊ မြေကွက်အမှတ်–၂၈၃/က၊ ဧရိယာ(၀.၀၂၇)ဧကေ၊ မြေကွက်တည်နေရာအမှတ်(၂၈၃/က)၊ သီရိမင်္ဂလာပတ်လမ်း၊ အုတ်ဖိုရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးမြင့်စိန် (WAW–၀၆၅၄၅၂) အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေ အမည်ပေါက် ဦးမြင့်စိန် (ခင်ပွန်း) ဖြစ်သူသည် ၂၆–၁၀–၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်စန်းစန်းဝေ [၁၂/ဒဂန(နိုင်)၀၁၅၇၀၄]မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ အဆိုပါ ၎င်းအမွေဆက်ခံပိုင်ဆိုင်လာခဲ့သော မြေကွက်နှင့်ပတ်သက်၍ မြေချပါမစ်မူရင်းမှာ မိမိနေအိမ်တွင် ပစ္စည်းအပြောင်းအရွှေ့များကြောင့် ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း၊ ယင်း မြေကွက်နှင့်ပတ်သက်သည့်မြေချပါမစ်မူရင်းအား အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်း လုံးဝမရှိပါကြောင်း အရှုပ်အရှင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျောက်တံတားခရိုင်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် –၁၂၈၅/၂၀၂၄ (၂–၂–၂၀၂၄) ခင်ပွန်းဖြစ်သူ၏ သေစာရင်း၊ ခင်ပွန်းဖြစ်သူ ဦးမြင့်စိန် ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူတစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်စန်းစန်းဝေကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေ ဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျောက်တံတား ခရိုင်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်–၁၂၈၈/၂၀၂၄ (၂–၂–၂၀၂၄)၊ အသိသက်သေ(၂)ဦး၏ ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်–၄၀၊ ပြည်သူ့ကွက်သစ်(၁)လမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်ရှိ တစ်ခန်းလျှင် (၁၂၃x၅၀)ပေ အကျယ်အဝန်းရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်မှ ပထမထပ်(ခေါင်းရင်းခြမ်း) တိုက်ခန်းကို ကန်ထရိုက်တာထံမှအရပ်ကတိစာချုပ် အဆင့်ဆင့် ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်ဆုမြတ်နိုး [၁၂/မဂဒ (နိုင်)၁၄၇၄၅၇]မှ အဆိုပါတိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက်အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့် သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးမြင့် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၅၇၆)**
**အမှတ်–၉၊ သီရိမြိုင်လမ်းမ၊ ၁၃–ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း– ၀၉–၄၃၁၁၅၄၃၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကျောက်မြတ်ရတနာလမ်း၊ မြေကွက်အမှတ်– (၁၀၈၆/က)ခု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ (၂၀ပေx၆၀ပေ)ရှိ ဒေါ်မေဇင်ဦး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်မေဇင်ဦး[၁၂/ဥကတ(နိုင်)၁၇၁၈၉၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မာလာဖြိုး [၁၂/သလန(နိုင်)၁၃၇၄၇၃]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက် အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသည့် အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အပြီးသတ် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မာလာဖြိုး [၁၂/သလန(နိုင်)၁၃၇၄၇၃]၏**
**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကျော်စွာဝင်း** | **ဒေါ်သက်သက်အောင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၃၉၉)** | **အထက်တန်းရှေ့နေ(စဉ်–၂၈၃၅၀)** |
| **A.G.T.I(EC),WIPO(Switzerland),LL.B** | |

**အမှတ်(၁၆၇၉)၊ သာလွှာဝတီအနောက်(၅)လမ်း၊ ၁၀/တောင် (၁၄)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၆၇၈၆၅၁၁၃၄၊ ၀၉–၂၅၀၆၆၇၄၅၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း နှင့် ဗိုလ်မြတ်ထွန်းလမ်းထောင့်ရှိ **Bo Myat Tun Condominium**(ဗိုလ်မြတ်ထွန်းတာဝါ)၊ တိုက်အမှတ်**(A)**၊ ၈-လွှာ၊ အခန်းအမှတ်**(08-05)**၊ ဧရိယာ(၂၈×၆၄)ပေခန့်ရှိသည့်ကွန်ဒိုတိုက်ခန်းကို ASIA EXPRESS(YGN)CO.,LTD ထံမှ ဒေါ်မြင့်မြင့်သန်း (LTA-004872)+ မစိုးဝင့်ဝါ(၁၂/လမတ(နိုင်)၀၃၁၉၉၁)တို့ကလည်းကောင်း၊ ဒေါ်မြင့်မြင့်သန်း+ မစိုးဝင့်ဝါ တို့ထံမှ ဒေါ်ယုမိမိ(ခ)ဒေါ်မိမိသင်(၈/မကန(နိုင်)၀၃၆၂၃၇)ကလည်းကောင်း၊ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်(အဆက်ဆက်)အရ လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ခဲ့ကြပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ-ဒေါ်ယုမိမိ(ခ)ဒေါ်မိမိသင် က ASIA EXPRESS(YGN)CO.,LTD တွင် တိုက်ခန်းပိုင်ရှင်မှတ်တမ်းစာအုပ်ကို တရားဝင်လျှောက်ထားထုတ်ယူမည်ဖြစ်ပါသဖြင့် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

| | | |
|---|---|---|
| **ဦးသန့်ဇင်** ( LL-B ) | **ဒေါ်ဟန်နွေနိုင်**( LL-B) | အမှတ်(၅၀)၊ပထမထပ်၊အခန်း(D-2) |
| အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်–၂၃၅၄၄) | ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 | ရန်ကုန်တိုင်းဒေသကြီး။ |

လွှဲအပ်ညွှန်ကြားသူ- ဒေါ်ယုမိမိ(ခ)ဒေါ်မိမိသင် (၈/မကန(နိုင်)၀၃၆၂၃၇) Ph-09 5164717

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

